# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၈၈)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ လက်ထောက်မဟာမင်းကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ လက်ထောက်မဟာမင်းကြီး မစ္စဂျူဒီချန်ဟော့ပ်ကင်းစ်အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းတို့ တက်ရောက်ကြပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ လက်ထောက်မဟာမင်းကြီး မစ္စဂျူဒီချန်ဟော့ပ်ကင်းစ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ *စာမျက်နှာ ၃ ကော်လံ ၁* ■



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ လက်ထောက်မဟာမင်းကြီး မစ္စဂျူဒီချန်ဟော့ပ်ကင်းစ်အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈၄၈ ဦး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းအခမ်းအနားကျင်းပ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့် တပ်မဟာမှူးဦး မိန်းစင်နှင့် ဒုတပ်မဟာမှူး ဦးစိုင်းတတို့အား လက်ဆောင်ပစ္စည်းပေးအပ် ဒေသခံတိုင်းရင်းသားပြည်သူများက ပန်းကုံးများ၊ ပန်းစည်းများ ကမ်းလှမ်း၍ လမ်းဘေးဝဲယာမှ လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ သောင်းသောင်းဖြဖြ ကြိုဆို

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်၏စေတနာမှန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို နားလည်ယုံကြည်လာသည့်အတွက် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင်ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်းအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ရှိ သီရိပဿာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၈ ရက်)

## ကုန်စည်အမြန်ပို့ဆောင်ပေးမည့် ကုန်တင်ရေယာဉ်အမြန်လမ်း

ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့မှုသည် အဓိကအခန်းက ပါဝင်လျက်ရှိသည်။

နိုင်ငံတော်တွင် ကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးတို့ကို အဓိကအထောက်အကူပြုနိုင်စေရန် ကုန်တင်ရေယာဉ်(အမြန်) လမ်းသစ်များကို ဖွင့်လှစ်ပြေးဆွဲပေးလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ ကုန်တင်ရေယာဉ်(အမြန်) လမ်းတိုးချဲ့ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁၂ ရက်နေ့က ရန်ကုန်မြို့ ကမ်းနားလမ်း မော်တင်ဆိပ်ကမ်း၌ ကျင်းပခဲ့သည်။

ကုန်တင်ရေယာဉ် အမြန်လမ်းများမှာ ဒဗလျူအမျိုးအစားရေယာဉ်များကို အသုံးပြုပြီး ရန်ကုန်–ဘိုကလေးလမ်းနှင့် ရန်ကုန်–လပွတ္တာလမ်းများဖြစ်သည်။ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းကို တိုက်ရိုက်ဆက်သွယ်ထားသည့်အတွက် ဧရာဝတီတိုင်း၏အဓိကထွက်ကုန် ဆန်နှင့်ဆန်ထွက် ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း၊ အပြန်အလှန်အားဖြင့် မြန်မာပြည်အရပ်ရပ်မှ ကုန်ပစ္စည်းမျိုးစုံကို ဧရာဝတီတိုင်းသို့လည်းကောင်း အဆင်ပြေချောမွေ့စွာပို့ဆောင်နိုင်သည့်အပြင် ကုန်တင်ခနှုန်းထား သက်သာသည့်အတွက် စားသုံးသူပြည်သူများကို များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပေသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဧရာဝတီဌာနခွဲ၏ ဒုတိယမြောက် ကုန်တင်ရေယာဉ် (အမြန်) လမ်းကို ဇွန်လ ၂၄ ရက်နေ့က မန္တလေး–ဗန်းမော်လမ်းတွင် တိုးချဲ့ပြေးဆွဲခဲ့သည်။ ပီကြီးနှင့်ပီလတ်အမျိုးအစားရေယာဉ်များကို အသုံးပြု၍ တစ်ပတ်လျှင်အသွားအပြန် နှစ်ခေါက် ပြေးဆွဲလျက်ရှိသည်။ ခရီးသည်နှင့် ကုန်စည်အလေးချိန်တန် ၂၀၀ တင်ဆောင်နိုင်သည်။ မန္တလေး–ဗန်းမော်လမ်းသည် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့ကို တိုက်ရိုက်ဆက်သွယ်ပြေးဆွဲထားခြင်းကြောင့် ဒေသထွက်ကုန်များ အဆင်ပြေချောမွေ့စွာ သယ်ဆောင်ပေးလျက်ရှိသည်။

မြန်မာပြည်အရပ်ရပ်ရှိ စားသုံးသူများလက်သို့ လူသုံးကုန်နှင့် စားသုံးကုန်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ရေးအတွက် ရေယာဉ်များဖြင့် ကုန်စည်အမြန်ပို့ဆောင်နိုင်ရေးကို ဆောင်ရွက်ရန် နိုင်ငံတော်က စီမံဆောင်ရွက် ပေးခြင်းဖြစ်သည်။ ကုန်စည်များကို အမြန်ပို့ဆောင်ပေးခြင်းကြောင့် စားသုံးသူပြည်သူများအတွက် တိုက်ရိုက် အကျိုးခံစားခွင့် ရရှိနေသည်။

ယနေ့အခြေအနေတွင် ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ်လမ်းများအပြင် သယ်ယူပို့ဆောင်မှုပုံသဏ္ဌာန် ပြောင်းလဲသည့်အနေဖြင့် ကုန်တင်ရေယာဉ်(အမြန်) လမ်းပြေးဆွဲပေးခြင်းသည် အချိန်တိုအတွင်းကုန်ပစ္စည်း များများကို လုံခြုံစိတ်ချစွာ သယ်ယူပို့ဆောင်ပေးနိုင်ခြင်းကြောင့် နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက် များစွာ အကျိုးဖြစ်ထွန်းလျက်ရှိပေသည်။ ။

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဗီယက်နမ်၌ စက်မှုဇုန်သစ်ငါးခု တည်ဆောက်မည်

**ဟန္နွိုင်း ဇူလိုင် ၁၇**

ဗီယက်နမ်နိုင်ငံတွင် စက်မှုဇုန်ငါးခု ထပ်မံ တည်ဆောက်ရေးနှင့် တည်ဆောက်ဆဲ စက်မှုဇုန်နှစ်ခုကို ဆက်လက် တည်ဆောက်ရေးအတွက် ဗီယက်နမ်အစိုးရအဖွဲ့က ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဇူလိုင် ၁၄ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

**စက်မှုဇုန်ငါးခု**

ဗီယက်နမ်အစိုးရက ခွင့်ပြုခဲ့သော စက်မှုဇုန်ငါးခုမှာ ဗင်သုပ်ပြည်နယ်မြောက်ပိုင်း ဟက်တာ ၃၂၇ ကျယ်ဝန်းသည့် ဘာသိန်းစက်မှုဇုန်၊ နန်ဒမ်ပြည်နယ်ရှိ ၁၀၅ ဟက်တာ ကျယ်ဝန်းသော သိန်းအင်စက်မှုဇုန်၊ ဟက်တာ ၂၅၆ ကျယ်ဝန်းသော ပန်ဒပ်စက်မှုဇုန်၊ ၁၄၂ ဧက ကျယ်သော လုံအင်ပြည်နယ်ရှိ လောင်ဟူစက်မှုဇုန်၊ ဟက်တာ ၃၇၀ ကျယ်ဝန်းသော နမ်သွန်ပြည်နယ် ဖူအော့နမ်စက်မှုဇုန်တို့ ဖြစ်ကြသည်။

တည်ဆောက်ဆဲ စက်မှုဇုန် နှစ်ခုမှာ ဟောဒုန်ပြည်နယ်မြောက်ပိုင်းရှိ စက်မှုဇုန်နှင့်ဒေါင်နေပြည်နယ် တောင်ပိုင်းရှိ စက်မှုဇုန်တို့ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ဌာနအောက်ရှိ ပြည်တွင်း၊ ပြည်ပ စက်မှုဇုန်များ စီမံခန့်ခွဲမှုဌာနမှ ပြောကြားသည်။

**ရည်မှန်း**

ယခုကဲ့သို့ စက်မှုဇုန်များထူထောင်ခြင်းသည် နိုင်ငံခြားသား လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုပိုမိုရရှိစေရန် ရည်မှန်းကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## စင်ကာပူနှင့် တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့ မလက္ကာရေလက်ကြား၌ ပူးတွဲရေကြောင်းလေ့ကျင့်ရေးပြုလုပ်

စင်ကာပူ ဇူလိုင် ၁၇

**စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံမှ ကမ်းခြေစောင့်တပ်ဖွဲ့သည် ဇူလိုင်၁၄ရက်က မလက္ကာရေလက်ကြားတစ်လျှောက်တွင် ပင်လယ်ဓားပြနှိမ်နင်းရေးအတွက် ပထမဦးဆုံး ပူးတွဲရေကြောင်းလေ့ကျင့်ရေးပြုလုပ်ခဲ့ကြသည်။**

ယင်းလေ့ကျင့်ရေး ပြုလုပ်မှုတွင် နှစ်နိုင်ငံမှ ရေယာဉ်ရှစ်စင်းနှင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင် ၁၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့သည်ဟု နယူးအာရှ သတင်းဌာနမှ ထုတ်ပြန်သည်။

**စေလွှတ်**

လေ့ကျင့်ရေးပြုလုပ်စဉ် ယင်းအဖွဲ့များမှ အရာရှိများလိုက်ပါလာသော ကုန်သည်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက တိုက်ခိုက်ပြီး အပိုင်စီးသွားကာ ဓားပြများ၏ ထိန်းချုပ်မှုအောက်သို့ ခေါ်ဆောင်သွားခဲ့ဟန် လုပ်ဆောင်ခဲ့ကြသည်။ ကမ်းခြေစောင့်ရေယာဉ်တစ်စင်းက ကုန်သည်သင်္ဘောအနေဖြင့် သရုပ်ဆောင်ခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆင်နွှဲရန် တောင်ကိုရီးယားနိုင်ငံမှ ရဟတ်ယာဉ် တစ်စင်းလည်း စေလွှတ်ပေးခဲ့သည်။

**အထောက်အကူပြု**

ယင်းလေ့ကျင့်မှုသည် နှစ်နိုင်ငံကမ်းရိုးတန်းစောင့်တပ်ဖွဲ့များ လေ့ကျင့်ရေးနည်းစနစ်၊ နည်းဗျူဟာနှင့် ပင်လယ်ဓားပြနှင့် ပင်လယ်ပြင်တွင် လုယက်မှုများအား တိုက်ခိုက်မှုစွမ်းရည်များကို တစ်ဖက်နှင့်တစ်ဖက် နားလည်သဘောပေါက် သိရှိရန်အတွက် အထောက်အကူပြုကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

နှစ်စဉ် ကုန်တင်သင်္ဘောနှင့် ရေနံတင် သင်္ဘောများ မလက္ကာရေလက်ကြားနှင့် စင်ကာပူရေလက်ကြားတစ်လျှောက်တွင် သွားလာခုတ်မောင်းလျက် ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၁၈–၇–၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၆၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ကျန်းမာသုတ
၁၈။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ **"မဟာဂန္ဓာရုံမှာ ပညာရှာမီးလို လျှံ"**
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း–၇)

## တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံထက် လာမည့် နှစ်၃၀အတွင်း မော်တော်ယာဉ်ပိုင်ဆိုင်မှု ပိုများလာမည်

ပေကျင်း ဇူလိုင် ၁၆

**လာမည့် နှစ်၃၀အတွင်း တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံထက် မော်တော်ယာဉ် ပိုမိုထုတ်လုပ်နိုင်ပြီး ပိုမိုပိုင်ဆိုင်လာမည့်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း (စီအေအေအမ်)မှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ရောင်ဟိုင်ကင်က ပြောကြားသည်။**

တရုတ်နိုင်ငံသည် ၂၀၀၁ခုနှစ် ကတည်းကပင် မော်တော်ယာဉ်ထုတ်လုပ်မှု နှစ်ဆတိုးမြှင့်ခဲ့ပြီး ယခုအခါ ကမ္ဘာ့မော်တော်ယာဉ် ထုတ်လုပ်မှုတွင် တတိယမြောက် အကြီးဆုံးနိုင်ငံအဖြစ် ရောက်ရှိလာခဲ့သည်။ ထို့အတူ ကမ္ဘာ့မော်တော်ယာဉ် ဈေးကွက်လည်း ကြီးမားကျယ်ပြန့်လာလျက်ရှိသည်။

**တိုးတက်**

၂၀၀၁ခုနှစ်က တရုတ် နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုသည် ကမ္ဘာ့အဆင့် ခုနစ်သာရှိခဲ့ရာမှ ယခုအခါ တတိယအဆင့်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် နှစ်စဉ် တစ်နှစ်လျှင် မော်တော်ယာဉ်ပိုင်ဆိုင်မှု ပျမ်းမျှ ၃၄သန်း ရှိပြီး ပြီးခဲ့သည့် ၁၀နှစ်ကျော်ကာလကထက် ၁၂ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

**ထုတ်လုပ်**

အမေရိကန်နိုင်ငံသည် ၂၀၀၄ခုနှစ်တွင် မော်တော်ယာဉ်စီးရေ သန်း၂၄၀ ကို သုံးစွဲနိုင်သည်။ တရုတ်နိုင်ငံသည် တစ်နှစ်လျှင် မော်တော်ယာဉ်စီးရေ ၃ဒသမ၀၅သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ယခုနှစ်ပထမငါးလတာကာလအတွင်း မော်တော်ကားစီးရေ ၂ဒသမ၉၇သန်း ရောင်းချနိုင်ခဲ့ရာ တိုးတက်မှုမှာ ပြီးခဲ့သည့်နှစ်ကထက် ၃၁ရာခိုင်နှုန်းနှင့် ယခုနှစ်တွင် ၃၂ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**




## ဖိလစ်ပိုင်အလုပ်သမားများပြည်ပမှပြန်ပို့ငွေ ယခင်နှစ်ကထက်၁၅ရာခိုင်နှုန်းတိုးတက်

**မနီလာ ဇူလိုင် ၁၆**

ဖိလစ်ပိုင် ပင်လယ်ရပ်ခြား အလုပ်သွားလုပ်သူများ ပြန်ပို့ငွေသည် မေလက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံရှိကာ ဆက်လက်မြင့်တက်ခဲ့ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်က ဇူလိုင်၁၄ရက်၌ ပြောကြားသည်။

ထိုပြန်ပို့ငွေများသည် ပထမငါးလက အမေရိကန်ဒေါ်လာ ၄ဒသမ ၉ဘီလီယံရှိခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် ၁၅ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း ဗဟိုဘဏ်က ပြောကြားသည်။

ယင်းကဲ့သို့ ပြန်ပို့ငွေများ တိုးလာခြင်းမှာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သော ဖိလစ်ပိုင်အလုပ်သမားများ တိုးတက်လာမှု၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဘဏ်များနှင့် ဘဏ်ဝန်ဆောင်ပေးရမှုများ တိုးပွားလာခြင်းကြောင့်ဖြစ်ကြောင်း ဖိလစ်ပိုင် ပြည်ပအလုပ်အကိုင်ခန့်ထားရေးဌာနမှ တာဝန်ရှိသူ တီတန်ကိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

■ **ရှေ့ဖုံးမှ**

အမြဲတမ်းကိုယ်စားလှယ် မစ္စတာ ယော်(န်)ဖရန် ဆွာဒူရီယို၊ ပြန်လည်နေရာချထားရေးဆိုင်ရာ အကြီးတန်းအရာရှိ မစ္စတာ စီဗန်ကဒါနပါလနှင့် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အကြီးတန်းတာဝန်ခံအရာရှိ မစ္စတာ မားရာပိုပေါ့ တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## လက်ခံတွေ့ဆုံ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ လက်ထောက် မဟာမင်းကြီး မစ္စဂျူဒီချန်ဟော့ပ်ကင်းစ်အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



# လက်နက်ကိုင်ဆန့်ကျင်မှု၏အကျိုးရလဒ်မှာ တိုင်းရင်းသားများပင် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ရသည်သာဖြစ်ပေါ်ခဲ့

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်းဝင်ရောက်လာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အစိုးရနှင့်အတူလက်တွဲဆောင်ရွက်ကြသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေရသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်လာ

# နှစ်ပေါင်း ၅၀ ကျော် ဆုံးရှုံးခဲ့ရသည့်အေးချမ်းသာယာခြင်း၏ အကျိုးတရားများကို ရရှိခံစားနေကြရပြီ

# ဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်





နေပြည်တော် ဇူလိုင် ၁၇

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ရှိ နယ်မြေခံတပ်နယ်ဧည့်ခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး မိန်းစင်နှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။** (အပေါ်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး မိန်းစင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

## သွေးခွဲအုပ်ချုပ်မှု

တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိတို့တိုင်းရင်းသားများသည် တစ်အူထုံ့ဆင်း ညီအစ်ကိုမောင်နှမများဖြစ်ကြပြီး ရှေးနှစ်ပေါင်းများစွာကပင် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသော်လည်း ကိုလိုနီနယ်ချဲ့တို့၏ အစီအစဉ်ရှိရှိ သွေးခွဲအုပ်ချုပ်မှုအမျိုးမျိုးကြောင့် ညီနောင်အချင်းချင်း အထင်အမြင်လွဲမှားကာ လက်နက်ကိုင်ဆန့်ကျင်မှုများ ပေါ်ပေါက်လာခဲ့ကြောင်း၊ လက်နက်ကိုင်ဆန့်ကျင်မှု ပဋိပက္ခများ၏ အကျိုးရလဒ်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုများပင် အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ရသည်သာ ဖြစ်ပေါ်ခဲ့ရကြောင်း။

## မြင့်မားတိုးတက်

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိအောင် ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယနေ့ဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိနေကြသဖြင့် ယခင်ကဖွံ့ဖြိုးမှုနောက်ကျနေရသည့် ဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ နှစ်ပေါင်းများစွာ ကျီးလန့်စာစားနေကြရသည့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ဘဝမှာလည်း လုံခြုံအေးချမ်းစွာဖြင့် လူနေမှုအဆင့်အတန်း တစ်နေ့တခြား မြင့်မားတိုးတက်နေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ နှစ်ပေါင်း ၅၀ ကျော် ဆုံးရှုံးခဲ့ရသည့် အေးချမ်းသာယာခြင်း၏ အကျိုးတရားများကို ရရှိခံစားနေကြရပြီဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ယနေ့ ဦးမိန်းစင်နှင့် အဖွဲ့အနေဖြင့်လည်း နယ်မြေအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုများကို အပြည့်အဝခံစားရရှိလာအောင် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုတို့နှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဝန်ကြီးများက မိမိတို့ ဝန်ကြီးဌာနအလိုက် ဦးမိန်းစင်နှင့် အဖွဲ့ဝင်များအား ပံ့ပိုးကူညီဆောင်ရွက်ပေးကြမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တွေ့ဆုံပွဲကို ရပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော် လုံခြုံအေးချမ်းရေး၊ တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ပံ့ပိုးကူညီမှုများကြောင့် ဝမ်းသာမိ

● ရှေ့ဖုံးမှ

## တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး Madame Phoebe A. Gomez နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်များနှင့် ပြည်တွင်း ဂျာနယ် မဂ္ဂဇင်းများမှ စာတည်းမှူးချုပ်များနှင့် သတင်းတာဝန်ခံများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများစုစုပေါင်းအင်အား ၁၅၀၀ကျော် တက်ရောက်ကြသည်။

ထို့အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင် အင်အား ၈၄၈ဦးတို့လည်း တက်ရောက်ကြသည်။

အလားတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပြီးသော တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များ ဖြစ်ကြသည့် SSA တပ်မဟာ(၁)၊ SSA တပ်မဟာ(၇)၊ SSNA(မိုင်းယွန်း)၊ PNO အဖွဲ့၊ ရလလဖအဖွဲ့၊ MTA (နားရိုင်း)၊MTA(မတ်ကျန်း)၊ MTA (ရွှေပြည်အေး)၊ SSS၊ ကလလတ၊ KNPDP၊ KNDP(နဂါး)၊ကမစည၊ ကယန်းပြည်သစ်ပါတီနှင့် KNGအဖွဲ့ ပေါင်း ၁၅ ဖွဲ့တို့မှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

## သောင်းသောင်းဖြဖြကြိုဆို

ရှေးဦးစွာ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပသည့် သီရိဟံသာခန်းမသို့ လဲချားမြို့ အနော်ရထာလမ်းမကြီးအတိုင်း ဝင်ရောက်လာကြရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ပန်းကုံးများ၊ ပန်းစည်းများ ကမ်းလှမ်း၍ လမ်းဘေးဝဲယာမှ လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် အခမ်းအနားကို သီရိဟံသာခန်းမဥ္စကျင်းပရာ အခမ်းအနားသဘာပတိများအဖြစ် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က ဆောင်ရွက်ကြသည်။

## ရှင်းလင်းပြောကြား

အစီအစဉ်အရရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ် အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင်က ၎င်းတို့အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်း အကြောင်းရင်း၊ SSA-S ရွက်ဆစ်အဖွဲ့၏ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုနှင့် ပြည်သူလူထုအပေါ် အကြမ်းဖက် အဖျက်လုပ်ရပ်များ ကျူးလွန်နေခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**[ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင်၏ ရှင်းလင်းပြောကြားချက်ကို သီးခြား ဖော်ပြထားပါသည်။]**

ထို့နောက် တပ်မဟာ (၇၅၈) ဒုတပ်မဟာမှူး ဦးစိုင်းတက SSA-S ရွက်ဆစ်အဖွဲ့၏ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်နေမှုများကို မလိုလားဘဲ ၎င်းတို့နှင့် ကင်းကင်းရှင်းရှင်းနေလိုသဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာရသည့် အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

**[တပ်မဟာ (၇၅၈)ဒုတပ်မဟာမှူး ဦးစိုင်းတ၏ ရှင်းလင်းပြောကြားချက်ကို သီးခြား ဖော်ပြထားပါသည်။]**

ဆက်လက်၍ တပ်မဟာ(၇၅၈) စစ်ကြောင်းမှူး ဦးစိုင်းရန်းက ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသော ၎င်းတို့အဖွဲ့အား နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ ကူညီပံ့ပိုးမှုများကြောင့် ဝမ်းသာမိကြောင်း၊ ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် နိုင်ငံတော်လုံခြုံအေးချမ်းရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့်ဒေသဖွံ့ဖြိုးရေးတို့ကို ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည့် အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

**[တပ်မဟာ (၇၅၈)စစ်ကြောင်းမှူး ဦးစိုင်းရန်း၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။]**

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ရှမ်းတိုင်းရင်းသူ နန်းလှိုင်ခမ်းက ဦးမိန်းစင်တို့အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့်အတွက် ဒေသဖွံ့ဖြိုးရေးကို ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(ဒေသခံပြည်သူများ ကိုယ်စား ရှမ်းတိုင်းရင်းသူ နန်းလှိုင်ခမ်း၏ ရှင်းလင်း ပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)**

## ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ဦးမိန်းစင် ဦးစီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့်အတွက် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**(ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ပြောကြားချက်ကို သီးခြား ဖော်ပြထားပါသည်။)**

## ပြန်လည်တပ်ဆင်

ယင်းနောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးထံ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင်၊ ဒုတပ်မဟာမှူး ဦးစိုင်းတ၊ စစ်ကြောင်းမှူး ဦးစိုင်းရန်းတို့က ၎င်းတို့အဖွဲ့၏ ကိုယ်စားလက်နက်များကိုအပ်နှံကြရာ တိုင်းမှူးက လက်ခံပြီး တပ်မဟာမှူးဦးမိန်းစင်နှင့်အဖွဲ့ဝင်များ၊လုံခြုံရေး၊ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် လက်နက်များကို ပြန်လည်တပ်ဆင်ပေးသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တပ်မဟာ (၇၅၈) တပ်မဟာမှူးဦးမိန်းစင်နှင့် ဒုတပ်မဟာမှူး ဦးစိုင်းတတို့အား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်ကြောင်းမှူးများဖြစ်ကြသော ဦးစိုင်းရန်းနှင့် ဦးထွန်းကျော်တို့အား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

## လက်ဆောင်ပစ္စည်းများပေးအပ်

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက တပ်မဟာ (၇၅၈)မှ ဦးစိုင်းခေးနှင့် ဦးစိုင်းဆိုင်တို့အား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဦးမိန်းစင်အား ၎င်းတို့အဖွဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ထောက်ပံ့သော မာဇဒါဂျစ်နှစ်စီးနှင့် တီအီး-၂၁ယာဉ်နှစ်စီးတို့ကို ပေးအပ်သည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မဟာ (၇၅၈)တပ်မဟာမှူး ဦးမိန်းစင်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မဟာ(၇၅၈) ဒုတပ်မဟာမှူး ဦးစိုင်းတအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စစ်ကြောင်းမှူးဦးစိုင်းရန်းအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စစ်ကြောင်းမှူး ဦးထွန်းကျော်အား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)

# ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် ဦးမိန်းစင် ဦးစီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင် အင်အား ၈၄ဦးသည် ၎င်းတို့နှင့်အတူ လက်နက်ကြီးမျိုးစုံ ၂၄လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄လက်၊ ကျည်ကတ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ ၁၅၇၉၇၁တောင့်၊ လက်ပစ်ဗုံး ၅၅လုံး၊ မိုင်း၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅လုံးနှင့် လမ်းလျှောက်စကားပြောစက် ၁၂၀ တို့ကို ယူဆောင်လာကြ။



## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S)(ရွက်ဆစ်အဖွဲ့) တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရာတွင် ယူဆောင်လာသော လက်နက်ခဲယမ်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။**

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဦးစိုင်းတအား ၎င်းတို့အဖွဲ့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ထောက်ပံ့သော လက်တွန်းထွန်စက် အစီး၂၀ကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့) တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင် ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရာတွင် ယူဆောင်လာသော လက်နက်ခဲယမ်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှု စစ်ဆေးကြသည်။

### တွေ့ဆုံနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S)(ရွက်ဆစ်အဖွဲ့)တပ်မဟာ(၇၅၈)မှတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် ဦးမိန်းစင် ဦးစီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင် အင်အား ၈၄ဦးသည် ၎င်းတို့နှင့်အတူ လက်နက်ကြီးမျိုးစုံ၂၄လက်၊လက်နက်ငယ်မျိုးစုံ ၈၃၄လက်၊ကျည်ကတ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ၁၅၇၉၇၁တောင့်၊ လက်ပစ်ဗုံး ၅၅ လုံး၊ မိုင်း၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး၁၅လုံးနှင့်လမ်းလျှောက်စကားပြောစက် ၁၂၀တို့ကို ယူဆောင်လာကြသည်။ **(သတင်းစဉ်)**

**ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့က လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်း အခမ်းအနားတွင် သဘာပတိများအဖြစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်တို့ ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)



## ရှာရန်ရာနှုန်း ၆၀

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ထံ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင်က ၎င်းတို့အဖွဲ့၏ ကိုယ်စား လက်နက်များကိုအပ်နှံရာ တိုင်းမှူးက လက်ခံပြီး တပ်မဟာမှူး ဦးမိန်းစင်နှင့်အဖွဲ့ဝင်များ လုံခြုံရေး၊ ဒေသ တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် လက်နက်များကို ပြန်လည်တပ်ဆင်ပေးစဉ်။**

(သတင်းစဉ်)



**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးထံ တပ်မဟာ(၇၅၈) ဒုတပ်မဟာမှူး ဦးစိုင်းတက ၎င်းတို့ အဖွဲ့၏ ကိုယ်စား လက်နက်များကို အပ်နှံရာ တိုင်းမှူးက လက်ခံပြီး တပ်မဟာမှူး ဦးမိန်းစင်နှင့် အဖွဲ့ဝင်များလုံခြုံရေး၊ ဒေသ တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် လက်နက်များကို ပြန်လည် တပ်ဆင်ပေးစဉ်။**

(သတင်းစဉ်)





**အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးထံ တပ်မဟာ(၇၅၈)စစ်ကြောင်းမှူး ဦးစိုင်းရန်းက ၎င်းတို့အဖွဲ့၏ကိုယ်စား လက်နက်များကိုအပ်နှံရာ တိုင်းမှူးကလက်ခံပြီး တပ်မဟာမှူး ဦးမိန်းစင်နှင့် အဖွဲ့ဝင်များ လုံခြုံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် လက်နက်များကို ပြန်လည် တပ်ဆင်ပေးစဉ်။**

(သတင်းစဉ်)

# (SSA-S) ရှက်ဆစ်အဖွဲ့ ၏ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်နေမှုများကိုမလိုလား၍ ၎င်းတို့နှင့် ကင်းကင်းရှင်းရှင်းနေလိုသဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာရခြင်းဖြစ် ဒေသဖွံ့ဖြိုးရေး ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ကျေးဇူးတင်ဝမ်းမြောက်

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဇူလိုင် ၁၆ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)



## လက်ဆောင်ပစ္စည်းများပေးအပ်

ဇူလိုင် ၁၆ ရက်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး တပ်မဟာ(၇၅၈)မှ ဦးစိုင်းဆိုင်အား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)



ဇူလိုင် ၁၆ ရက်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့) မှ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင်ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)



ဇူလိုင် ၁၆ ရက်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး တပ်မဟာ(၇၅၈)မှ ဦးစိုင်းခေးအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၁၆ ရက်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဦးစိုင်းတအား ၎င်းတို့အဖွဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ထောက်ပံ့သော လက်တွန်းထွန်စက် အစီး ၂၀ ကို ပေးအပ်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)







ဇူလိုင် ၁၆ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဦးမိန်းစင်အား ၎င်းတို့အဖွဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ထောက်ပံ့သော မာဇဒါဂျစ်နှစ်စီးနှင့် တီအီး–၂၁ ယာဉ်နှစ်စီးတို့ကို ပေးအပ်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ လက်ထောက်မဟာမင်းကြီး တွေ့ဆုံနှုတ်ဆက်



**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ လက်ထောက်မဟာမင်းကြီး မစ္စဂျူဒီချန်ဟော့ပ်ကင်းစ်သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်း၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

**တက်ရောက်**

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဦးညဏ်ဝင်းနှင့်အတူ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး တက်ရောက်ပြီး ဧည့်သည် လက်ထောက်မဟာမင်းကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အမြဲတမ်းကိုယ်စားလှယ် မစ္စတာယော်(န်)ဖရန်ဆွာ ဒူရီယို၊ ပြန်လည်နေရာချထားရေးဆိုင်ရာ အကြီးတန်းအရာရှိ မစ္စတာ စီဗန်ကဒါနပါလနှင့် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အကြီးတန်းတာဝန်ခံအရာရှိ မစ္စတာမားရာပိုပေါ့တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**







## တိုင်းရင်းသားပြည်သူများ ပန်းကုံး၊ ပန်းစည်းများကမ်းလှမ်း ဝမ်းပန်းတသာကြိုဆို

ဇူလိုင် ၁၆ရက်က ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့) မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအား လဲချားမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက ပန်းကုံးများ၊ ပန်းစည်းများ ကမ်းလှမ်း၍ ဝမ်းပန်းတသာ ကြိုဆိုကြစဉ်။

(သတင်း–ရွှေဖုံး) (သတင်းစဉ်)

## တက်ရောက်

ဇူလိုင် ၁၆ရက်က ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) **(SSA-S)**(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာခြင်း အခမ်းအနားသို့ တက်ရောက်လာသော မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး **Madame Phoebe A. Gomez** နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား တွေ့ရစဉ်။

(သတင်း–ရွှေဖုံး) (သတင်းစဉ်)



# နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတို့ ပူးပေါင်းပြီးကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးမှာ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီးတဲ့အဖွဲ့များအပါအဝင် တိုင်းရင်းသားတွေ စုပေါင်းဆွေးနွေးနေကြောင်းကြားသိရ နိုင်ငံတော်နှင့် ပြည်သူကို အနှောင့်အယှက်ပေးကြောင်းသိမြင်ပြီး ပြည်သူကိုအလုပ်အကျွေးပြုချင်စိတ် ပေါ်ပေါက်

နေပြည်တော် ဇူလိုင် ၁၇

**ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင် ဦးစီးတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်း အခမ်းအနားတွင် တပ်မဟာမှူး ဦးမိန်းစင်၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါ အတိုင်းဖြစ်သည်–**

ကျွန်တော်ကတော့ ၂၀၀၆ခုနှစ် ဇူလိုင်လ၆ရက်နေ့က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကို ဆက်သွယ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တပ်မဟာ(၇၅၈)ရဲ့ တပ်မဟာမှူးမိန်းစင် ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ တစ်စိတ်တည်း တစ်ဝမ်းတည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြတဲ့ တပ်ဖွဲ့ဝင်ပေါင်းဟာ ၈၄၈ဦးဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုင်ဆောင်နေတဲ့ လက်နက်၊ ခဲယမ်းတွေကိုလည်း တစ်ပါတည်းယူဆောင်လာခဲ့ကြရာမှာ လက်နက်ကြီးမျိုးစုံ ၂၄လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄လက်၊ ကျည်ကပ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ ၁၅၇၉၇၁တောင့်၊ လက်ပစ်ဗုံး ၅၅လုံး၊ မိုင်း ၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅လုံးနှင့် လမ်းလျှောက်စကားပြောစက် ၁၂၀တို့ဖြစ်ပါတယ်။



**ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## တူညီတဲ့သဘောဆန္ဒ

ကျွန်တော်တို့အဖွဲ့ ယခုလိုဥပဒေဘောင်အတွင်း ဝင်ရောက်လာခြင်းမှာ မည်သူ့တိုက်တွန်းမှုမျှမပါဘဲ ကျွန်တော်တို့ တပ်ဖွဲ့ဝင်အားလုံးရဲ့ တူညီတဲ့သဘောဆန္ဒအရ ဝင်လာကြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာရခြင်း အကြောင်းအရင်းတွေကတော့–

(၁) ရွက်ဆစ်ရဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းကို လုံးဝလက်မခံနိုင်ခြင်း၊

(၂) ရွက်ဆစ်ရဲ့ အကြမ်းဖက်ဝါဒအရ အပြစ်မဲ့ပြည်သူတွေကို အစုလိုက် အပြုံလိုက် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ခေါင်းဆောင်များ မိန်းမလိုက်စားပြီး အမျိုးသမီးငယ်များအား ဖျက်ဆီးခြင်း၊ ရှမ်းပြည်နယ်အတွင်း အတူတကွနေထိုင်ကြတဲ့ ပအိုဝ်းတိုင်းရင်းသားများကို ရန်ပြုရုံသာမက မောင်းထုတ်ခြင်း စတာတွေဟာ တပ်ဖွဲ့ရဲ့ဂုဏ်ကို ထိခိုက်စေတဲ့အတွက် အတန်တန်တားသော်လည်း မရတာကြောင့် စိတ်ပျက်မိခြင်း၊

(၃) တပ်မတော်အစိုးရနဲ့ ပြည်သူတွေ လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးများကို အောင်အောင်မြင်မြင် ဆောင်ရွက်နေကြတဲ့အတွက် ပင်လုံတက္ကသိုလ်၊ ပင်လုံကွန်ပျူတာကောလိပ်၊ ပင်လုံအစိုးရ နည်းပညာကောလိပ်တို့ကို တွေ့ရှိရတဲ့အခါ နယ်မြေငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ကို သဘောပေါက်လာခြင်း၊

(၄) နှစ်ပေါင်း၂၀ကျော် လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးခဲ့သော်လည်း ပြည်သူလူထုအတွက် လုံးဝအကျိုးမရှိဘဲ နှိပ်စက်ကလူပြုမှုရာရောက်နေသည်ကို သိမြင်လာခြင်းတို့ပဲ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးနှင့်ပတ်သက်လာရင်(SSA-S)မှာ မူဝါဒနှစ်ရပ်ချမှတ်ထားပါတယ်။

– ပထမအချက်က မူးယစ်ဆေးဝါးနှင့် နိုင်ငံရေးပတ်သက်ခြင်းမရှိစေရ၊ ပတ်သက်က သေဒဏ်ပေးရန်။

– ဒုတိယအချက်က မူးယစ်ဆေးဝါးကြောင့် စစ်စည်းကမ်းမထိခိုက်စေရ၊ စည်းကမ်းဖောက်က သေဒဏ်ပေးရန်တို့ ဖြစ်ပါတယ်။

အထက်ပါမူတွေကို ရွက်ဆစ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားတာဖြစ်ပေမယ့် ရွက်ဆစ်ကိုယ်တိုင်ပဲ ချိုးဖောက်ထားတာကို တင်ပြသွားပါမယ်။

(၁) ၂၀၀၁ ခုနှစ်အတွင်းမှာ ရွက်ဆစ်ရဲ့ညီအရင်းဖြစ်တဲ့ စောပေတဟာ ရာမမြင်းဆေး ကျောပိုးအိတ်အလုံး ၈၀ကို မိုင်းရှူးခွင်ထဲကနေ လွယ်တိုင်းလျှံကို သယ်ဆောင်တဲ့အခါ ကျွန်တော်တို့ တပ်ဖွဲ့က လုံခြုံရေးလုပ်ပေးဖို့ ရွက်ဆစ်က ညွှန်ကြားပါတယ်။ ကျွန်တော်တို့က မူဝါဒနဲ့မကိုက်ညီလို့ ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။

(၂) ရွက်ဆစ်ဟာ ဘိန်းချက်တဲ့လုပ်ငန်းတွေကို ၁၉၉၆ခုနှစ်မှာ မိုင်းကိုင်–ကာဖွီးရွာအနီး၊ ၁၉၉၇ခုနှစ်မှာ နမ့်ပန်ချောင်းဘေး၊ အဲဒီနောက်ပိုင်း နယ်စပ်တစ်ဝိုက်မှာ လုပ်ကိုင်ခဲ့ကြောင်း သိရပါတယ်။ ကျွန်တော် အနေနဲ့ သုံးကြိမ်တိတိ တားမြစ်သော်လည်း မရခဲ့ပါဘူး။

(၃) ၂၀၀၃ခုနှစ်မှာ စိုင်းပန်းဦးစီးတဲ့လူငယ် ၁၅ဦးကို ပိုက်ဆံပေးပြီး လွိုင်လမ်းကနေ ထိုင်းနိုင်ငံထဲသို့ မူးယစ်ဆေးဝါးသယ်ခိုင်းပါတယ်။ ထိုင်းတပ်ဖွဲ့နဲ့ တိုးလို့ အဖမ်းခံရတဲ့အခါ ၁၃ယောက်သေပြီး စိုင်းပန်နဲ့ သူ့တပည့်တစ်ယောက်ပဲ လွတ်လာပါတယ်။ ဒါပေမယ့် စိုင်းပန်ဟာလည်း အရေးယူခံရမှာကိုကြောက်ပြီး သူ့ကိုယ်သူ သတ်သေသွားပါတယ်။

(၄) ၂၀၀၅ ခုနှစ် မတ်လမှာလည်းရွက်ဆစ်နဲ့ လူယုံဖြစ်တဲ့ စိုင်းထွန်းဟာ ဘိန်းဖြူ ၁၇၄ထုပ်ကို ကားနဲ့သယ်ဆောင်သွားရာမှာ ထိုင်းရဲရဲ့ ဖမ်းဆီးခြင်းကို ခံရပါတယ်။

(၅) ဆလိုင်းခုံရွာသားတစ်ဦးဟာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ထောင်ကျပြီးတဲ့နောက် လွတ်လာတဲ့အခါ လွယ်တိုင်းလျှံကိုသွားရောက်ပြီး မူးယစ်ဆေးဝါးချက်လုပ်ရေးအတွက် ရွက်ဆစ်ရဲ့ ညွှန်ကြားချက်ကို ခံယူပါတယ်။ ရွက်ဆစ်ဆီကပြန်လာပြီး ကျွန်တော်နဲ့ လာတွေ့ပါတယ်။ နားရိုင်းဒေသ၊ လွယ်ချယ်ဒေသ၊ ဆံဟဒေသ၊ တပ်မဟာ(၁)၊ တပ်မဟာ (၇)နဲ့ ကျွန်တော့် တပ်မဟာရဲ့ ခွင်တွေအတွင်းတွေမှာ မူးယစ်ဆေးဝါးချက်လုပ်ဖို့ ရွက်ဆစ်ရဲ့ ညွှန်ကြားချက်ကို ယူလာခဲ့ပါတယ်။ ကျွန်တော်က ကျွန်တော့်ခွင်အတွင်းမှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ ခွင့်မပြုကြောင်းနဲ့ ခွင့်ပြုတဲ့ခွင်မှာပဲ သွားလုပ်ဖို့ ပြောခဲ့ပါတယ်။ ဒီလိုပြောခဲ့တဲ့အတွက် ရွက်ဆစ်က ကျွန်တော်နဲ့ ကျွန်တော်တို့ တစ်ဆွေလုံးတစ်မျိုးလုံးကို သတ်မယ်လို့ ပြောတဲ့နောက် တပ်မဟာ (၇၅၈) တစ်ခုလုံးကို SSA-S အဖွဲ့က ထုတ်ပစ်လိုက်ကြောင်း ကြေးနန်းပို့လာပါတယ်။

ရွက်ဆစ်ရဲ့ အကြမ်းဖက်လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ဆက်လက်တင်ပြသွားပါမယ်။

၁၉၉၇ခုနှစ် (၁)လပိုင်းမှာ ရွက်ဆစ်ရဲ့ညွှန်ကြားချက်အရ အိုက်ချစ်ဦးစီးတဲ့အဖွဲ့က နမ့်စန်မြို့နယ် မီးသွေးကုန်း(ဗမာရွာ)ကို မီးရှို့ပြီး ဥပဒေမဲ့ပစ်ခတ်မှုကြောင့် လူ၁၃ယောက်သေဆုံးပြီး ရှစ်ယောက်ဒဏ်ရာရခဲ့ပါတယ်။ ၁၉၉၇ခုနှစ် (၆)လပိုင်းက ကွန်ဟိန်း–ကျိုင်းတုံကားလမ်းပေါ်မှာရှိတဲ့ နမ့်မော်ခမ်းရွာအနီးမှာ ခရီးသွား မော်တော်ကားအစီး ၃၀ကျော်ကို ဆက်ကြေးကောက်တဲ့အပြင် အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်း၊ ဗမာများကို အကြောင်းမဲ့ပစ်ခတ်ခြင်းတို့ကြောင့် လူ ၃၀လောက် သေဆုံးခဲ့ရပါတယ်။

ဒါ့အပြင် ရွက်ဆစ်ဟာ ကျပ် ၅၀၀တန် ငွေအတုကိုလည်း လုပ်ပါတယ်။ ဘယ်နေရာမှာလုပ်မှန်းတော့ အတိအကျတော့ မသိရပါဘူး။ ၁၉၉၇ခုနှစ် (၁၂)လပိုင်းတုန်းက ကျပ်၅၀၀တန် ငွေအတုသိန်း၁၀၀ကို မိုင်းကိုင်မြို့ SSNA အဖွဲ့ဝင် ဦးဖိုးမား၏သား အိုက်အောကို ပေးပြီး မန္တလေးမှာ ရွှေဝယ်ခိုင်းပါတယ်။ အိုက်အောကို အစိုးရက ဖမ်းမိသွားကြောင်း သိရပါတယ်။

၂၀၀၅ခုနှစ်မှာ ပအိုဝ်းဒေသက ထီးတစ်ခုရွာ၊ နောင်ဒေးရွာ၊ မော့ကလွတ်ရွာနဲ့ ပန်မိုင်ရွာတို့ကို အိုက်ချစ်အဖွဲ့က မီးရှို့ခဲ့တာ သိရပါတယ်။ ဒါ့အပြင် ပအိုဝ်းတွေကို ရှမ်းပြည်နယ်က မောင်းထုတ်တဲ့ကိစ္စကိုလည်း ဆက်သွယ်ရေးစက်ထဲမှာ ကြားရပါတယ်။

## ဆက်ကြေးကောက်

ရွက်ဆစ်ဟာ မိုင်းကိုင်မြို့မှာ တစ်ရပ်ကွက်ကို ငွေကျပ်သိန်း ၁၃၀မှ ၁၅၀နှုန်းအထိ ဆက်ကြေးကောက်တဲ့အပြင် ဆန်ဖိုးကိုလည်း ငွေတောင်းပါတယ်။ ငွေချေးတာတွေလည်း ရှိပါတယ်။ ရွက်ဆစ်ဟာ ငွေကြေးအလွဲသုံးစားမှုလည်း များပါတယ်။

၂၀၀၆ခုနှစ်(၂)လပိုင်းတုန်းကလည်း ရွှေညောင်–ဟိုပုံးဘက်က ကျွဲမှောင်ခို ၂၀ကို ဖမ်းပြီး ဓနုတိုင်းရင်းသား ၁၀ယောက်နဲ့ တရုတ်နှစ်ယောက်ကို သတ်တဲ့အပြင် ကျွဲအကောင် ၆၀နဲ့ ငွေ ၂၇သိန်းကိုလည်း သိမ်းလိုက်ပါတယ်။ အသတ်ခံရသူတွေရဲ့ ဆွေမျိုးတွေဟာ အရိုးကောက်ချင်လို့ ယနေ့အထိ အလောင်းမြှုပ်တဲ့နေရာကို လိုက်ရှာနေဆဲဖြစ်ပါတယ်။

**ရွက်ဆစ်ဟာ မူးယစ်လုပ်ငန်း၊ အကြမ်းဖက်လုပ်ငန်းတွေ လုပ်နေပေမယ့် ဒီမိုကရေစီ အသံကောင်းဟစ်နိုင်ရေးအတွက် ဦးခွန်ကြာနုကို နိုင်ငံရေးတာဝန်ပေးခဲ့ပါတယ်။ ဦးခွန်ကြာနုဟာ ရန်ကုန်က NLDနဲ့ အဆက်အသွယ်ရှိကြောင်း သိရပါတယ်။**

## အနှောင့်အယှက်ပေးရာရောက်

ဒါကြောင့် ကျွန်တော်တို့ဟာ SSA-S ရွက်ဆစ်ရဲ့ လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးနေမယ်ဆိုရင် ကျွန်တော်တို့ပါ သိက္ခာကျသွားမှာကို စိုးရိမ်လာပါတယ်။ ဒါ့အပြင် **ဒီနေ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူနဲ့ ပူးပေါင်းပြီး ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးမှာ ပြည်ထောင်စုမပြိုကွဲရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးတဲ့ အဖွဲ့များအပါအဝင် တိုင်းရင်းသားတွေ စုပေါင်းဆွေးနွေးနေကြကြောင်း ကြားသိရတဲ့အခါ နိုင်ငံတော်ရဲ့ လမ်းစဉ်ဟာ မှန်ကန်ပြီး ကျွန်တော်တို့ရဲ့ လက်နက်ကိုင်လမ်းစဉ်ဟာ နိုင်ငံတော်နဲ့ ပြည်သူကို အနှောင့်အယှက်ပေးရာ ရောက်နေကြောင်း သိမြင်လာပါတယ်။ ကျွန်တော်တို့ရဲ့ နှိပ်စက်မှုကိုခံနေရတဲ့ ပြည်သူတွေကိုပြန်ပြီး အလုပ်အကျွေးပြုချင်တဲ့စိတ်တွေ ပေါ်ပေါက်လာပါတယ်။**

ဒါကြောင့် တပ်မတော်နဲ့လက်တွဲပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ရင်း အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ဖို့အတွက် ကျွန်တော်နဲ့ ကျွန်တော့်တပ်ဖွဲ့ဝင် အားလုံး ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ သုံးနှစ်လောက်အချိန်ယူ စဉ်းစားဆွေးနွေးပြီးမှ တပ်ဖွဲ့ဝင်အားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်းနဲ့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ။



**ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့) တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ ယူဆောင်လာသော လက်နက်ခဲယမ်းများကို တွေ့ရစဉ်။** (သတင်းစဉ်)

MRTV-4
**ရုပ်မြင်သံကြားအစီအစဉ်**

**၁၈–၇–၂၀၀၆**
**(အင်္ဂါနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဆရာချစ်စံဝင်း) |
| ၇:၂၅ | ဆီးချို၊ သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ အပိုင်း(၁) |
| ၇:၄၅ | တေးဂီတအစီအစဉ် |
| ၇:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇:၅၅ | သူတို့ပြောတဲ့ သူတို့အကြောင်း [ကာတွန်းပညာရှင်များနှင့် တွေ့ဆုံခြင်း(ကာတွန်းမြေဇာ)] |
| ၈:၃၀ | တေးဂီတအစီအစဉ် |
| ၈:၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၈:၄၀ | မြန်မာစာ မြန်မာစကား(၂) |
| ၈:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမောင်ညိုပြာ) |
| ၉:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၀ | အရသာတစ်မူထူးခြားကိုရီးယားအစားအစာများ (ကင်မ်ချီ၊ ကြက်ဥမွှေကြော်) |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင်(၂) |
| ၉:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၅ | Sunday Talk |
| ၁၀:၄၅ | မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (ဝက်မွေးမြူရေးလုပ်ငန်း) |
| ၁၀:၅၀ | တေးဂီတအစီအစဉ် |
| ၁၀:၅၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၁:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ဘုရားလမ်းသုတေသနနှင့် မျိုးပွားခြံ |
| ၁၁:၄၅ | ပရိဘောဂထုတ်လုပ်မှု လုပ်ငန်း |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ရှက်ဆစ်ရဲ့ လူမဆန်တဲ့ အကြမ်းဖက်မှု၊ ဘိန်းမှောင်ခိုကူး၊ ဆက်ကြေးကောက်မှုများကြောင့် ဆက်ပြီးလက်တွဲလို့ မဖြစ်နိုင် လက်တွေ့မှာ ရှမ်းလူထုတွေ ဒုက္ခရောက်နေတာဖြစ်သည့်အတွက် ဥပဒေဘောင်အတွင်းဝင်ရောက် ရှမ်းပြည်နယ်ကောင်းစားရေး၊ အစိုးရနှင့် လက်တွဲဆောင်ရွက်မည်လို့ ဆုံးဖြတ်ခဲ့တာဖြစ်

နေပြည်တော် ဇူလိုင် ၁၇

**ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းအခမ်းအနားတွင် ဒုတပ်မဟာမှူး ဦးစိုင်းတ၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

ကျွန်တော်ကတော့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တပ်မဟာ(၇၅၈)မှ ဒုတပ်မဟာမှူး ဦးစိုင်းတ ဖြစ်ပါတယ်။



တပ်မဟာ(၇၅၈)ဒုတပ်မဟာမှူး ဦးစိုင်းတ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

## ကိုယ်ကျိုးသုံး

ကျွန်တော်တို့အဖွဲ့ ခုလို ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့အတွက် ဒုစစ်ဦးစီးချုပ် မိန်းစင်နဲ့ အကြိမ်ကြိမ် ညှိနှိုင်းတိုင်ပင်ပြီးမှ ရှက်ဆစ်ရဲ့ လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်တွေ၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ ဘိန်းမှောင်ခိုကူး၊ ဆက်ကြေးကောက်မှုတွေကြောင့် ရှက်ဆစ်နဲ့ ဆက်ပြီးလက်တွဲလို့ မဖြစ်နိုင်တော့ဘူးလို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါ့အပြင် **ကျွန်တော်တို့အဖွဲ့ ရပ်တည်ရေးအတွက် ရှက်ဆစ်ဆီက အထောက်အပံ့မရတဲ့အပြင် ဆက်ကြေးကောက်၊ လူသစ်စုပြီး ရသမျှငွေကို သူတို့ဆီပို့၊ သူတို့ကိုယ်ကျိုးပဲ သုံးနေတာတွေ့ရတဲ့အတွက် ဆက်ပြီး လက်တွဲလို့ မဖြစ်နိုင်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တာပါပဲ။**

ကျွန်တော်ဟာ ရှက်ဆစ်အဖွဲ့ထဲမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ဒီလို တာဝန်ထမ်းဆောင်တဲ့ကာလမှာ ရွာတွေမှာ ကလေး၊ လူကြီးမရှောင် တစ်အိမ်တစ်ယောက် မလိုက်မနေရ အမိန့်နဲ့ လူသစ်စု၊ မလိုက်နိုင်ရင် ငွေတောင်း၊ မရရင် လူသတ်ဆိုတဲ့ လုပ်ရပ်တွေကြောင့် ရွာကအရွယ်ရောက်တဲ့ ယောကျ်ားမှန်သမျှ တတ်နိုင်တဲ့သူက မြို့ကိုပို့ထားကြသလို မတတ်နိုင်တဲ့လူက ဘုန်းကြီးဝတ်ခိုင်းထားကြရပါတယ်။ ဒီအတွက် လူသစ်လာစုတဲ့အဖွဲ့ ကျေနပ်အောင် တောင်းသမျှငွေကို ပေးကြရပါတယ်။ မပေးနိုင်လို့ကတော့ အိမ်ရှင်ကို သတ်ပုတ်ညှင်းဆဲကြတာပါပဲ။ ပြီးတော့ ရှမ်းပြည်နယ်အတွင်းမှာ ဘိန်းစိုက်ခင်း၊ ဘိန်းချက်ပြီး ဘိန်းကုန်ကူးနေတဲ့ လုပ်ရပ်တွေဟာ **သူတို့ဟစ်ကြွေးတဲ့ “ရှမ်းလူထု ကောင်းစားရေးနဲ့ ရှမ်းပြည်ထူထောင်ရေး” ဆိုတာတွေနဲ့ တခြားဆီ၊ “ပြဒါးတစ်လမ်း၊ သံတစ်လမ်း” ဖြစ်နေတယ်ဆိုတာ တွေ့ရပါတယ်။**

## ကောင်းစားနေ

ရှမ်းလူထုတွေက ကျွန်တော်တို့ရဲ့ လူသစ်စု၊ ဆက်ကြေးကောက်မှုဒဏ်ကြောင့် ဆင်းရဲမွဲတေ နေပါပြီ။ ရှမ်းပြည်နယ်အတွက်လဲ တံတားဆောက်ပေးတာ၊ ကျောင်းဆောက်ပေးတာ ဘာတစ်ခုမှ လက်တွေ့မဆောင်ရွက်ခဲ့ပါဘူး။ ဆက်ကြေးကောက်လို့ ရသမျှငွေတွေဟာ ရှက်ဆစ်ရဲ့ အပျော်အပါးနဲ့ မိန်းမလိုက်စားဖို့ပဲ ဖြစ်နေတာပါ။ ကျွန်တော်တို့ကတော့ တောထဲမှာ စုတ်ပြတ်လို့၊ ရှက်ဆစ်ကတော့ ထိုင်းမှာ သွားပြီး ကောင်းစားနေတာပါ။

ဒါတင်မကပါဘူး၊ ရှက်ဆစ်က ဗမာမုန်းတီးရေးဝါဒကို ကိုင်စွဲသူပါ။ သူ့ရဲ့ညွှန်ကြားချက်နဲ့ သတ်ဖြတ်ခြင်းခံခဲ့ရတဲ့ မီးသွေးကုန်းရွာသားတွေ၊ လမ်းခင်းလုပ်သားတွေ၊ ခရီးသည်တွေဟာ မနည်းတော့ပါဘူး။ ကားတွေကို ဓားပြတိုက်၊ ဗမာဆိုရင်သတ်၊ မိန်းမဆိုရင် မုဒိမ်းကျင့်၊ ပြီးရင် ပါသမျှငွေတွေကို ယူဆိုတဲ့ လုပ်ရပ်တွေဟာ လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်တွေပါ။ ပအိုဝ်းရွာတွေကိုလဲ တပ်မတော်ကို သတင်းပေးတယ်ဆိုပြီး စာသင်ကျောင်းပါမကျန် မီးရှို့ပစ်ခိုင်းတာတွေ၊ ပအိုဝ်းတွေကို ရှမ်းပြည်နယ်က မောင်းထုတ်တာတွေဟာ လူမျိုးရေးအသွင် အမြင်ကျဉ်းလွန်းပြီး အကြမ်းဖက်လုပ်ရပ်တွေ ဖြစ်တဲ့အတွက် ရှက်ဆစ်ရဲ့ ခေါင်းဆောင်မှုအောက်က ခွဲထွက်ချင်ခဲ့တာ ကြာပါပြီ။ ကျွန်တော့်ရဲ့ ဆန္ဒအမှန်က “ရှမ်းပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ရှမ်းလူထုတွေ ကောင်းစားဖို့ပါ”။ လက်တွေ့မှာတော့ ရှမ်းလူထုတွေ ဒုက္ခရောက်နေတာဖြစ်တဲ့အတွက် နောက်ဆုံး ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ရှမ်းပြည်နယ်ကောင်းစားရေး အစိုးရနဲ့ လက်တွဲဆောင်ရွက်တော့မယ်လို့ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။ ။

## မြန်မာ့ရုပ်မြင်သံကြား

**၁၈–၇–၂၀၀၆ ရက်**

**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၀ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈:၀၀ | ၆။ | အကပြိုင်ပွဲ |
| ၈:၁၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၂၀ | ၈။ | ယူ ုးချောင်းတံတား |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ] |
| ၁၇:၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၁၇:၁၀ | ၆။ | ခံစားနားဆင် တေးဓာတ်ဝင် |
| ၁၇:၂၀ | ၇။ | **“အလံလေးတော့ကိုင်ပြေပါ”** ဇွဲနိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ–မင်းအုပ်စိုး) |
| ၁၇:၃၀ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈:၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၁။ | အတီးပြိုင်ပွဲ |
| ၁၈:၄၅ | ၁၂။ | ကြေးမုံရိပ်သွင် တေးနှယဉ် |
| ၁၉:၀၀ | ၁၃။ | ဆင်းရွှေလီရန့် သင်းပျံ့မွှေးကြိုင်လားရှိုးခရိုင် |
| ၁၉:၁၀ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ဇူလိုင်နံနက်ခင်း”** (အပိုင်း–၁၀) |
| ၂၀:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သူ့အိပ်မက်လှလှ”** (အပိုင်း–၁၂) |

# ဥပဒေဘောင်အတွင်းရောက်လာလို့ လပြည့်ညသာတဲ့လမင်းလို ရင်ထဲ၌အေးချမ်း နိုင်ငံတော်တည်ဆောက်ရေး၊ လုံခြုံရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အစိုးရ၊တပ်မတော်၊ ပြည်သူတို့နှင့်အတူလက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၁၇

**ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်း အခမ်းအနားတွင် စစ်ကြောင်းမှူး ဦးစိုင်းရုန်း၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

ကျွန်တော်ကတော့ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ တပ်မဟာ(၇၅၈)ရဲ့ စစ်ကြောင်းမှူး ဦးစိုင်းရုန်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ တပ်မဟာမှူး မိန်းစင်နှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ ဥပဒေဘောင်အတွင်းဝင်ရောက်ဖို့ကြံစည်ခဲ့တာ သုံးနှစ်ခန့်ရှိပါပြီ။ ရှက်ဆစ်ရဲ့နှောင့်ယှက်မှုကြောင့် ယခုမှဝင်ရောက်လာနိုင်ခြင်း ဖြစ်ပါတယ်။



တပ်မဟာ(၇၅၈)စစ်ကြောင်းမှူး ဦးစိုင်းရုန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

## လူမျိုးရေးအမြင်ကျဉ်းမြောင်း

ဒီလို ဝင်ရောက်ခဲ့ရာမှာ အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

ရှက်ဆစ်ဟာ ကျွန်တော်တို့အဖွဲ့ကို ဘိန်းမှောင်ခိုကူးဖို့၊ ဗမာတွေကို သတ်ဖို့ခိုင်းစေတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ငြင်းဆန်ခဲ့ကြပါတယ်။ ဘာလို့လဲဆိုတော့ ဘိန်းဟာလူညွှန့်တုံးပြီး လူမျိုးပါပြုတ်စေမှာကြောင့်ဖြစ်ပါတယ်။ ဒါ့အပြင် အပြစ်မဲ့တဲ့ အရပ်သာ တွေကို သတ်တဲ့ကိစ္စကလည်း လူမျိုးရေးအမြင် ကျဉ်းမြောင်းလို့ပါပဲ။

ကျွန်တော်ဟာ MTA အဖွဲ့က လူသစ်စုလို့ မလွတ်နိုင်တဲ့အဆုံး ၁၉၉၂ ခုနှစ်က MTA အဖွဲ့ထဲ ဝင်ခဲ့ရပေမယ့် ဆက်ကြေးကောက်၊ လူသစ်စု၊ လူသတ်၊ ဘိန်းမှောင်ခိုကူးဆိုတဲ့လုပ်ရပ်တွေကိုရွံ့မုန်းခဲ့ပါတယ်။ MTA အဖွဲ့ အလင်းဝင်စဉ်က မသိလိုက်လို့ ကျန်ခဲ့ပေမယ့် ခုလို မိန်းစင်နဲ့ ညှိနှိုင်းပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ခုလို **ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့အခါမှာ လပြည့်ညမှာသာတဲ့လမင်းလို ကျွန်တော့်ရင်မှာအေးချမ်းပြီးလင်းထိန်သွားပါတယ်။ မိသားစုနှင့်အတူ အေးချမ်းစွာနေထိုင်နိုင်တော့မယ်ဆိုတဲ့ အတွေး၊ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးကို အလေးထားနိုင်ပြီဆိုတဲ့အတွေးကစလို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုပါ အစိုးရနှင့် လက်တွဲလို့ တစ်တပ်တစ်အား ဆောင်ရွက်နိုင်တော့မယ်ဆိုတာ တွေးပြီး ဝမ်းသာပီတိဖြစ်မိတာအမှန်ပါပဲ။**

## အထူးပင်ဝမ်းသာ

အခု လက်တွေ့ဘဝမှာလည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ရဲ့ ကူညီပံ့ပိုးမှုတွေဟာ ကျွန်တော်နဲ့အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ တပ်ဖွဲ့ဝင်တွေအတွက် စားဝတ်နေရေး အစစဆောင်ရွက်ပေးတဲ့အပြင် ရေရှည်အတွက်ပါ စိုက်ပျိုးမွေးမြူရေးနဲ့ ကုန်ထုတ်လုပ်ငန်းတွေကို စီမံကိန်းချဆောင်ရွက်ပေးမှာတွေကြောင့် အထူးပဲဝမ်းသာမိကြောင်းတင်ပြလိုပါတယ်။

ယခုလို နိုင်ငံတော်အစိုးရနှင့် တပ်မတော်၊ ပြည်သူတို့ရဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုမှုတွေအပေါ်မှာ ကျွန်တော်နဲ့ ကျွန်တော့် တပ်ဖွဲ့ဝင်တွေကလည်း ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ နိုင်ငံတော်လုံခြုံအေးချမ်းရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးတွေမှာ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူနဲ့အတူ ဝိုင်းဝန်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ။





**ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A.Gomez နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ခင်းကျင်းပြသထားသည့် လက်နက်ခဲယမ်းများ၊ ဆက်သွယ်ရေးစက်များကို ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

# ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ငြိမ်းချမ်းသာယာနေသည်ကို မနှစ်မြို့နိုင်သည့် အဖျက်အမှောင့်သမားများ တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးကွဲစေမည့်လှုံ့ဆော်ဖန်တီးမှု သွေးထိုးသပ်လျှိုမှုများကို ရှောင်ရှားပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၇

**ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူးဦးမိန်းစင် ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းအခမ်းအနားတွင် ပြောကြားသည့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၏ ကြိုဆိုနှုတ်ခွန်းဆက်စကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

ပြည်ထောင်စုဖွား သွေးချင်းသားချင်းများ ပေါင်းစည်းနေထိုင်ရာ ရှမ်းပြည်နယ်အတွင်းမှာ ယခင်အခါက နိုင်ငံတော်ကို လက်နက်စွဲကိုင် ဆန့်ကျင်ခဲ့ကြတဲ့ တိုင်းရင်းသားအဖွဲ့အစည်းများ ယခုလို တစ်ဖွဲ့ပြီးတစ်ဖွဲ့ အသိမှန်အမြင်မှန်ရရှိပြီး ထာဝရငြိမ်းချမ်းရေးအတွက် ဥပဒေဘောင်ကိုဝင်လာခဲ့ကြတာဟာ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက်ရော ရှမ်းပြည်နယ်နဲ့တကွ ပြည်ထောင်စုကြီး တစ်ခုလုံးအတွက်ပါ အလွန်ပဲ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှတဲ့ တိုးတက်ဖြစ်ထွန်းမှုများပဲဖြစ်ပါတယ်လို့ ပထမဦးစွာ ပြောကြားလိုပါတယ်။

## ပိုမိုအလေးထား

တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲမှုကိုသာ ရှေးရှုထားတဲ့ နိုင်ငံတော်အစိုးရရဲ့ မှန်ကန်တဲ့မူဝါဒ၊ ဖြောင့်မတ်တဲ့သဘောထားနဲ့ ဖြူစင်တဲ့စေတနာတို့ကို အမှန်အတိုင်းသိမြင်နားလည်ပြီး တရားဥပဒေရဲ့ အရိပ်အာဝါသအောက်ကို ပြန်လည်ဝင်ရောက်လာကြတဲ့ ဦးမိန်းစင်နဲ့ အဖွဲ့ဝင်များအားလုံးကိုလည်း ဒေသခံပြည်သူများနှင့် နိုင်ငံတော်ကပါ ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။ မိမိတို့ရဲ့ အကျိုးနဲ့ မိမိအဖွဲ့အစည်းရဲ့ အကျိုးထက် ပြည်သူများရဲ့ အကျိုး၊ ပြည်ထောင်စုကြီးရဲ့အကျိုးတို့ကို ပိုမို အလေးထားပြီး ယခုလို ဥပဒေဘောင်အတွင်းဝင်လာခြင်းကိုလည်း ဂုဏ်ပြုပါကြောင်း တိုင်းရင်းသားပြည်သူများရဲ့ ကိုယ်စား ပြောကြားလိုပါတယ်။

ယခင်အခါက မငြိမ်းချမ်း၊ မလုံခြုံတဲ့ဘဝမှာ ကျီးလန့်စာစား နေထိုင်ခဲ့ကြရတဲ့ ဒေသခံပြည်သူများအတွက်လည်း ယခုလို လက်နက်ကိုင်ဆန့်ကျင်မှုများ ကင်းစင်ပြီး ထာဝရငြိမ်းချမ်းသာယာမှုအလင်းရောင် ပြန်လည် ရရှိလာတဲ့အတွက် များစွာ ကျေနပ်ဝမ်းမြောက်ပြီး ဦးမိန်းစင်နဲ့ အဖွဲ့ဝင်များကို နွေးထွေးစွာကြိုဆိုနေကြမှာ အမှန်ပဲဖြစ်ပါတယ်။

## ကူညီပံ့ပိုးစောင့်ရှောက်

ပြည်သူများရဲ့ နွေးထွေးတဲ့ရင်ခွင်ကို ပြန်လည်ရောက်ရှိကြတဲ့ ဦးမိန်းစင်နဲ့ အဖွဲ့ဝင်များအဖို့လည်း ယခင်က အချည်းနှီးကုန်ဆုံးခဲ့ရတဲ့ အချိန်ကာလများအတွက်အတိုးချပြီး မိမိတို့ရဲ့ဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ မိမိတို့မိသားစုများ ဥပဒေဘောင်အတွင်းမှာ ရိုးသားမှန်ကန်စွာ ကြီးပွားတိုးတက်စေရအောင် အားစိုက်ခွန်စိုက် ကြိုးစားလုပ်ဆောင်သွားကြမယ်လို့ ယုံကြည်ထားပါတယ်။ နိုင်ငံတော်အစိုးရနေနဲ့လည်း လိုအပ်သည်များ ကူညီပံ့ပိုးစောင့်ရှောက်သွားမှာဖြစ်ပါတယ်လို့ တစ်ဆက်တည်းပြောကြားလိုပါတယ်။

လွန်ခဲ့တဲ့ ၁၅နှစ်ကျော်ကာလက ရှမ်းပြည်နယ်ရဲ့ အခြေအနေကို ပြန်ကြည့်ရင် ရေးနှစ်ပေါင်း ၅၀ကျော်က လွတ်လပ်ရေးရပြီးစ အခြေအနေနဲ့ ဘာမျှမထူးခြားဘဲ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဘက်ဘက်က နောက်ကျကျန်နေခဲ့တဲ့အပြင် လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူများအခါမလပ် စိုးရိမ်ထိတ်လန့်ပြီး ကျီးလန့်စာစားနေခဲ့ရတာတွေ၊ မလုံခြုံ မအေးချမ်းတဲ့ ဘဝမှာ ပင်ပန်းဆင်းရဲစွာ နေထိုင် စားသောက်ခဲ့ရတာတွေဟာ ဒေသခံပြည်သူများအဖို့ မေ့ပျောက်လို့မရနိုင်တဲ့ အိပ်မက်ဆိုးများပဲ ဖြစ်ပါတယ်။

## တစိုက်မတ်မတ်

ဒါကြောင့် ဒီသမိုင်းကြွေးကို ပြန်လည်ပေးဆပ်နိုင်စေဖို့နဲ့ အတိတ်ကာလရဲ့ အနိဋ္ဌာရုံ ဆိုးကျိုးတွေ ရှမ်းပြည်နယ်အတွင်းမှ အပြီးတိုင်ပျောက်ကွယ်ပျက်သုဉ်းသွားစေဖို့ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ရယူစဉ်ကစပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်တွေပယ်ဖျောက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခိုင်အမာပြန်လည် ဖြစ်ထွန်းလာစေရအောင် လက်နက်ကိုင်ဆန့်ကျင်မှုများ ချုပ်ငြိမ်းပြီး နယ်မြေဒေသအေးချမ်းသာယာစေရအောင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံတွေ တိုးတက်ကောင်းမွန်ပြီး ဒေသခံပြည်သူများရဲ့ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားလာစေရအောင် တစ်ချိန်တည်းမှာပဲ ရှမ်းပြည်နယ်ကို အရိပ်မည်းကြီးလို လွှမ်းမိုးနေတဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို အပြီးတိုင်ဖယ်ရှားပစ်နိုင်စေရအောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ဖြူစင်တဲ့ စေတနာ၊ဖြောင့်မတ်မှန်ကန်တဲ့ကြိုးပမ်းအားထုတ်မှုတွေနဲ့ တိုင်းရင်းသားခေါင်းဆောင်များရဲ့ လက်တွဲပူးပေါင်းလာမှု အကျိုးဆက်တွေကြောင့် ယနေ့အခြေအနေမှာ ရှမ်းပြည်နယ်ဟာ အစွန်အဖျားဒေသအချို့မှအပ လက်နက်ကိုင်ပဋိပက္ခများ ကင်းစင်ပြီး နေ့ချင်းညချင်းဆိုသလို တိုးတက်ပြောင်းလဲလာခဲ့တဲ့အတွက် ပြည်သူအများ စိတ်အေးချမ်းမြေ့လုံခြုံစွာ ပရိယေသန ရှာဖွေစားသောက်နိုင်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံကောင်းတွေ ဖြစ်ထွန်းလာမှု၊ ပြည်သူများရဲ့ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာမှု အကျိုးရလဒ်ကောင်းတွေကို လက်တွေ့ရရှိခံစားနေကြရပြီ ဖြစ်ပါတယ်။

အထူးသဖြင့်ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်ဟာ တစ်စထက်တစ်စချုပ်ငြိမ်းပပျောက်နေပြီဆိုတာကို ဒေသခံပြည်သူများလက်တွေ့သိမြင်ခံစားနေကြရသလို ကုလသမဂ္ဂအဖွဲ့အစည်းများကပါ အသိအမှတ်ပြုလာရတဲ့အခြေအနေကောင်းကို ယခုရောက်ရှိနေပြီဖြစ်ပါတယ်။

## ဝိုင်းဝန်းကြိုးစား

သို့သော်လည်း ရှမ်းပြည်နယ်ဟာ အပြည့်အဝမငြိမ်းချမ်းသေးတဲ့အခြေအနေမှာရှိသေးတဲ့အတွက် ရှမ်းပြည်နယ်တစ်ခွင်လုံး အေးချမ်းသာယာလာစေဖို့ ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းကြိုးစားကြဖို့ လိုအပ်ဦးမှာဖြစ်ပါတယ်။

**ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ငြိမ်းချမ်းသာယာနေတာကို မနှစ်မြို့နိုင်တဲ့ အဖျက်အမှောင့်သမားတွေကလည်း တိုင်းရင်းသား လူမျိုးအချင်းချင်း သံသယဝင် သွေးကွဲစေမယ့် လှုံ့ဆော်ဖန်တီးမှုတွေကိုပြုလုပ်နေဆဲပဲ ဖြစ်တဲ့အတွက် ဒီဘေးပယောဂ သွေးထိုးသပ်လျှိုမှုများကို သိမြင်ရှောင်ရှားပြီး ညီညာမှ ပြည်သာမည်ဆိုတဲ့ ဆိုရိုးစကားနဲ့အညီ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဆက်လက်လက်တွဲကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။**

## ဆက်လက်ကြိုးပမ်း

ယနေ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြတဲ့ ဦးမိန်းစင်နဲ့အဖွဲ့ဝင်များ အပါအဝင် ဥပဒေဘောင်အတွင်းမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်နေကြတဲ့ တိုင်းရင်းသား အဖွဲ့အစည်းများအားလုံးကလည်း ရရှိဖြစ်ထွန်းပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေ တည်တံ့ခိုင်မြဲပြီး ဆက်လက်တိုးတက်ဖြစ်ထွန်းစေရအောင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ပြည်သူနဲ့အတူ တစ်သားတည်း ပေါင်းစည်းပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ဦးမိန်းစင်နဲ့အဖွဲ့ဝင်များ အားလုံးဟာ ငြိမ်းချမ်းရေးကိုလိုလားကြတဲ့ ပြည်သူများရဲ့မေတ္တာ၊ စေတနာကို ရရှိကြပြီးဖြစ်ကြတာနဲ့အညီ ပြည်သူများရဲ့ယုံကြည်ကိုးစားမှု၊ ပြည်သူများရဲ့ ပူးပေါင်းလက်တွဲမှုတို့ ဆက်လက်ဖြစ်ထွန်းရရှိလာစေရအောင် ပြည်သူများနဲ့တစ်သားတည်း ကျင့်ကြံနေထိုင်ရင်း မိမိဒေသ၊ မိမိတို့ရဲ့ပြည်ထောင်စုကြီးအကျိုးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။ **(သတင်းစဉ်)**

## ဒစ္စကာဗာရီလွန်းပြန်ယာဉ် ကမ္ဘာမြေသို့အောင်မြင်စွာပြန်ဆင်းသက်

ဖလော်ရီဒါ ဇူလိုင် ၁၇

**ဒစ္စကာဗာရီ လွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းသို့ သွားရောက်ခဲ့ပြီး ၁၃ရက်အကြာ ကမ္ဘာမြေသို့ အာကာသယာဉ်မှူး ခြောက်ဦးနှင့်အတူ ဇူလိုင်၁၇ရက်က အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပြီ ဖြစ်သည်။**

**အဆိုပါ လွန်းပြန်ယာဉ်သည် ဂရင်းနစ်စံတော်ချိန် ၁၃၁၄နာရီတွင် ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းသို့ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။**

**နာဆာအဖွဲ့က လွန်းပြန်ယာဉ် ကမ္ဘာမြေသို့ ပြန်မရောက်မီ ရာသီဥတုအခြေအနေကြောင့် စိုးရိမ်ပူပန်နေကြသည်။ သို့သော်လည်း တနင်္ဂနွေနေ့က ကမ္ဘာမြေလေထုအတွင်းသို့ စတင်ဝင်ရောက်ခဲ့ချိန်အထိ ချွတ်ယွင်းမှုများ တစ်စုံတစ်ရာမရှိဘဲ ကမ္ဘာမြေသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း နာဆာကကြေညာသည်။** (အောက်ပုံ) (အင်တာနက်)



## ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၅) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၇**

ရွှေနိုင်ငံ ဂျာနယ် အတွဲ(၅)၊ အမှတ် (၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



အဆိုပါ ဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး အထူးသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲတွင် အထွေထွေအတွင်းရေးမှူးဦးဌေးဦး ပြောကြားသည့် အမှာစကား၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့် လူငယ်၊ ဦးကျော်(ပြည်ထဲရေး)၏ အုပ်ချုပ်ရေးမှသည် အုပ်ချုပ်မှုကောင်းခြင်းသို့၊ ချစ်နိုင် (စိတ်ပညာ)၏ ခေါင်းဆောင်ကောင်းဖြစ်ရေး၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၏ တို့ရဲ့ အားမာန်မိုးသို့လျှံ၊ မောင်ကွန်ပျူတာ၏ အစဉ်အားပေးနေရမည့် ရင်းနှီးမြှုပ်နှံမှု၊ ညွန့်ဟံ(ကြူတော)၏ အပြောတတ်ခြင်းနှင့်နားထောင်တတ်ခြင်း၊ ဒေါက်တာအောင်မြင့်ဦး၏ စောင့်လေမျိုးနွယ်၊ မင်းတင်ဦး(အတ္ထရုံမြေ)၏ သာယာဝေစည်မွန်တို့ဌာနေစသည့် မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ ပုဂံမွှေးကြည်၏ အမျိုးသားအန္တရာယ် တိုက်ဖျက်ကာကွယ်၊ ဖျာပုံတင်နိုင်ဝင်း၏ စည်းလုံးမှုဖြင့် ကဗျာများ၊ မြန်မာစာအုပ် အညွှန်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၆) ထုတ်ဝေဖြန့်ချိ



**ရန်ကုန် ဇူလိုင် ၁၇**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၆)ကို ယနေ့ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် သျှင်ပညာဇောတ၏သီလတရားသည်သူတော်စင်တို့၏အသက်၊ ချစ်နိုင်(စိတ်ပညာ)၏ နေမှုဆိုးလုပ်မလား၊ ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၏ ဥပဒေလိုက်နာဘေးကင်းကွာ၊ တက္ကသိုလ်မြတ်သူ၏ ကျေးလက်ရနံ့သင်းသော မြန်မာ့ကဗျာရှုခင်း၊ မွှေးနံ့သာ၏ ဝါဆိုပွဲတော်ပန်းပူဇော်၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၏တိရစ္ဆာန်ရောဂါပညာကဏ္ဍ၊ ဖိုးထွေး (စိုက်ပျိုးရေး)၏ ဥယျာဉ်ခြံစိုက်ပျိုးရေး၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၏ ကျေးလက်ပြည်သူတို့၏ကိုယ်စား၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၏ မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်၊ ဝင်းလှိုင်ဦး၏ ရော်ဘာစိုက်ပျိုးရေး၊ မောင်ယင်းမာ (ရိုးပြတ်တော)၏ မိုးလေဝသခန့်မှန်းလက်ာ၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၏ ကျန်းမာရေးဆောင်းပါး၊ မောင်စံဖြူ၏ ကစားခုန်စား၊ ကြက်ခြေနီကြည်ကြည်၏ ငှက်ဖျားရောဂါ ပျောက်ဆေး၊ သျှာတတ(ပြည်)၏ ခေါင်းဆောင်မှု၊ ထိုက်ဇော်အောင်(ဂျီတီစီ)၏ ရေအားလျှပ်စစ်၊ မရွှေမှုံ၏ ကင်းပုံသီးချက်ဆေးတစ်ခွက်၊ မေလင်းကြူ၏ ရိုးရိုးယဉ်ယဉ်တို့ဝတ်ဆင်၊သက်သက်သင်း (ပညာရေး)၏ မူးယစ်တိုက်ဖျက်ရေးနေ့၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၏ ပန်းလောင်ကြောမှာ ပိန်းကောလှေ့ငယ်နှင့် သွားရန်မလိုစသည့် သုတ၊ ရသဆောင်းပါးများ၊ နှင်းအေး(စီးပွားရေး)၏ ကုန်ဈေးနှုန်းသတင်း၊ ကနောင်မောင်မောင်၏ ဝတ္ထုတိုကဏ္ဍ၊ ကိုရွှေတောသား၏ ဟာသကဏ္ဍ၊ မင်းသူ့ကျော်၏ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ မောင်မောင်စိုးသက်၏ အားကစားကဏ္ဍ၊ တက္ကသိုလ်လှကြွယ်၏အင်္ဂလိပ်စကားပြော၊ ရေနံသာမောင်ကျော်ညွန့်၊ ရွှေညာသားမြတ်မင်း၊ မောင်နွယ်မင်း (မုံ့ပွလင်)တို့၏ကဗျာများ၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ စတုတ္ထအကြိမ် စာပေညီလာခံသတင်း၊ မိုးလေဝသအခြေအနေစသည်တို့ဖြင့် စုံလင်စွာ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# အစိုးရ၊ တပ်မတော်တို့၏ တိုင်းပြုပြည်ပြုလုပ်ရပ်များနှင့် စေတနာမှန် နားလည်သိမြင် အမှောင်အောက်မှ အလင်းရောင်ရှိရာသို့ ရဲရင့်ပြတ်သားစွာ ဝင်ရောက်လာခြင်းဖြစ်

## သံသယစိတ်များဖြင့် လက်နက်စွဲကိုင်နေတဲ့ ဦးလေး၊ အစ်ကိုနဲ့ မောင်များ အမှားမြင်၍ အမှန်ကိုပြင်

နေပြည်တော် ဇူလိုင် ၁၇

**ရှမ်းပြည် တပ်မတော်(တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းအခမ်းအနားတွင် ဒေသခံပြည်သူများကိုယ်စား ပြောကြားသည့် ရှမ်းတိုင်းရင်းသူ နန်းလှိုင်ခမ်း၏ ကျေးဇူးတင်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

မိဘပြည်သူများရှင့် ကျွန်မကတော့ ဒေါ်နန်းလှိုင်ခမ်း ဖြစ်ပါတယ်ရှင့်။

ဒီမြေ ဒီရေ ဒီဒေသမှာ မွေးဖွားကြီးပြင်းပြီး လူလားမြောက်လာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီနေ့ဟာ ကျွန်မအတွက် ဝမ်းသာပီတိဖြစ်ရတဲ့နေ့၊ မင်္ဂလာအရှိဆုံးနေ့၊ အပျော်ရွှင်ရဆုံးနေ့ရက်ဖြစ်သလို တိုင်းရင်းသားမိဘပြည်သူတွေ အားလုံးအတွက်လည်း ပျော်ရွှင်စရာ အကောင်းဆုံးနေ့ရက်ဖြစ်မယ်ဆိုတာ ယုံကြည်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ချိန်က ကိုလိုနီနယ်ချဲ့ရဲ့ သွေးခွဲအုပ်ချုပ်မှုကြောင့် အထင်မှား အမြင်မှားပြီး လမ်းမှားရောက်ခဲ့ကြတဲ့ တိုင်းရင်းသားဆွေမျိုးများဖြစ်သော ဦးမိန်းစင်နဲ့ အဖွဲ့ဝင်များဟာ ကျွန်မတို့ပြည်သူ ပြည်သား၊ အစိုးရနှင့် တပ်မတော်သားတို့ရဲ့ တိုင်းပြု ပြည်ပြုလုပ်ရပ်များနဲ့ စေတနာမှန်ကို နားလည်သိမြင်ပြီး အမှောင်အောက်မှ အလင်းရောင်ရှိရာသို့ ရဲရင့်ပြတ်သားစွာ ဝင်ရောက်လာတဲ့နေ့ ဖြစ်လို့ပါပဲ။

### ဒုက္ခပင်လယ်ဝေခဲ့

ကျွန်မတို့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများဟာ ရှေးယခင်က အေးချမ်းစွာ အတူတကွနေထိုင်လာခဲ့ကြပေမယ့် ကိုလိုနီအမွေဆိုးကြောင့် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားအချို့ဟာ ယုံကြည်ချက်၊ ခံယူချက်လွဲမှားပြီး လက်နက်ကိုင် ဆူပူထကြွခဲ့လို့ အေးချမ်းမှုကင်းပြီး စိုးရိမ်ထိတ်လန့်မှု၊ ဝမ်းနည်းပူဆွေးမှုသောကများနဲ့ ဒုက္ခပင်လယ်ဝေခဲ့ကြရပါတယ်။

မတည်ငြိမ်၊ မအေးချမ်းခဲ့တဲ့ ကျွန်မတို့ဒေသမှာ သေနတ်သံတွေကြားထဲက စားဝတ်နေရေးအတွက် ကျီးလန့်စာစား လုပ်ကိုင်ခဲ့ကြရပါတယ်။ ရရှိလာတဲ့ အသီးအပွင့် အကျိုးရလဒ်ကို ပြည့်ပြည့်ဝဝ မခံစားရဘဲ စေတနာမပါတဲ့ ပေးကမ်းခြင်းမျိုးနဲ့ ချွေးနည်းစာများကို ဆက်ကြေးပေးခဲ့ရပါတယ်။ ပြည်နယ်အတွင်းမှာ သူတစ်လူ ငါတစ်မင်း သူ့နယ် ကိုယ့်နယ် ခွဲခြားကာ ဆက်ကြေးများကိုသာ ကောက်ခံခဲ့ပြီး ဒေသအကျိုး လုံးဝမပြုဘဲ လက်နက်သံများသာ ဆူညံနေခဲ့ရပါတယ်။ ဝမ်းရေးအတွက် ပေါက်ပြား သုံးချက်ပေါက်တိုင်း တစ်ချက်စာသာ ခံစားရပြီး နှစ်ချက်စာဟာ သောင်းကျန်းသူအတွက် ဆက်ကြေးအဖြစ် ရောက်ခဲ့ရပါတယ်။

### အသိပညာနိမ့်ခဲ့

ပညာရေးအနေဖြင့် ဝါဒမှိုင်းတိုက်ထားမှုကြောင့် ဗဟုသုတ အသိဉာဏ်တိုးပွားရာဖြစ်တဲ့ စာပေပညာ မသင်ကြားနိုင်ဘဲ ပဒေသရာဇ်လမ်းပေါ် ဆွဲတင်ခဲ့တဲ့အတွက် အသိပညာနိမ့်ခဲ့ပြီး စာသင်ကျောင်းများဟာ တင်းကုပ်သာသာ ဖြစ်ခဲ့ရပါတယ်။

အလားတူ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာ နိုင်ငံတော်က ကျေးလက် ကျန်းမာရေးဌာနတွေထားရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ သားဖွားဆရာမများ စီစဉ်ထားရှိပေမယ့် သောင်းကျန်းသူများကြောင့် ကျန်းမာရေးဝန်ထမ်းများ ကျေးလက်ထိ မရောက်ရှိတဲ့အတွက် ကျန်းမာရေး အသိပညာ ဗဟုသုတအားနည်းခဲ့ရပါတယ်။ ဒါကြောင့် လူစေ့ သက်တမ်းစေ့မနေခဲ့ရတဲ့ ညီအစ်ကိုမောင်နှမ၊ အဘိုး၊ အဘွား အများအပြားရှိခဲ့ပါတယ်။



**ရှင်းလင်းပြောကြား**

**ဒေသခံ ပြည်သူများ ကိုယ်စား ရှမ်းတိုင်းရင်းသူ နန်းလှိုင်ခမ်း ရှင်းလင်း ပြောကြားစဉ်။**
(သတင်းစဉ်)

ဘာသာရေးနဲ့ပတ်သက်ပြီး နေရာတိုင်း၊ ကျေးရွာတိုင်းလိုလို ဘုရားပုထိုးစေတီများ၊ ကျောင်းကန်များ၊ သမိုင်းဝင် ဘုရားပုထိုးများရှိခဲ့ပေမယ့် သောင်းကျန်းမှုဒဏ်ကြောင့် ပျက်စီးချို့ယွင်းပြီး ကျောင်းအိုကျောင်းပျက်များသာ ဖြစ်နေခြင်း၊ ဘုန်းတော်ကြီးများ မရှိခြင်းများ ဖြစ်ခဲ့ရပြီး ဘာသာရေး၊ သာသနာရေးကို မမြှင့်တင်ပေးနိုင်ခဲ့ပါဘူး။

### အသက်ဆုံးရှုံး

ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေးပိုင်းမှာ နိုင်ငံတော်က ဖောက်လုပ်ပေးထားတဲ့ ရှမ်းပြည်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ဆက်သွယ်သောလဲချား–မိုင်းကိုင်–ပန်ကေတု–ကျေးသီး–မိုင်းရှူးလမ်းများ ရှိခဲ့ပေမယ့် သောင်းကျန်းသူများရဲ့ လူသတ်၊ ဓားပြတိုက်၊ ဆက်ကြေးကောက်ခံမှုတွေကြောင့် တိုင်းရင်းသားပြည်သူများဟာ မသွားရဲ၊ မလာရဲဖြစ်ပြီး မိမိချွေးနည်းစာဖြင့် ရှာဖွေထားတဲ့ ငွေကြေးအပြင် အသက်ပါဆုံးရှုံးခဲ့ရတဲ့ အဖြစ်ဆိုးများ ရှိခဲ့ပါတယ်။

ဒီလိုသောင်းကျန်းမှုများ ရှိခဲ့ပေမယ့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ (မြောက်ပိုင်း)ကို ဆက်သွယ်ထားသော ရွှေညောင်–ရပ်စောက်– အင်တော–ကျောက်ဂူ–နောင်ချိုလမ်း၊ ဟိုပုံး–မိုင်းပျဉ်း–ကျိုင်းခမ်း–နောင်ဝိုသဘာဝတံတား–နမ့်လန်လမ်း၊ လွိုင်လင်–လဲချား– မိုင်းကိုင်– ပန်ကေတု–တုံလော–သီပေါလမ်း၊ ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူး– တန့်ယန်းလမ်းများကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့ပါတယ်။ **ယခုလို ဦးမိန်းစင်တို့အဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသဖြင့် လဲချား–မိုင်းကိုင်ဒေသမှာရှိတဲ့ ဒေသခံပြည်သူများဟာ ဒေသထွက်ကုန်များဖြစ်သော ကြက်သွန်၊ အာလူး၊ လက်ဖက်၊ လိမ္မော်စတဲ့ သီးနှံတွေကို ကားကြီးကားငယ် အသွယ်သွယ်နဲ့ ရောင်းဝယ်ဖောက်ကားနိုင်လာမှာဖြစ်တဲ့အတွက် စည်ကားလာမှာကို တွေးမြင်ပြီး ပီတိဖြစ်ရပါတယ်။**

### အတင်းအဓမ္မ

ယခင်က ဆူပူသောင်းကျန်းမှုတွေ ရှိနေလို့ ငယ်ရွယ်တဲ့အချိန်မှာ အတတ်ပညာမသင်ရတဲ့အပြင် အရွယ်ရောက်ရင်လည်း အတင်းအဓမ္မ လူသစ်ခေါ်ယူခြင်းခံရလို့ ဘယ်လိုမှ ရှောင်ပုန်းမရတဲ့ တောတွင်းတပ်ဖွဲ့ဝင်အဖြစ် တောတောင်ထဲမှာ ဘဝကိုနစ်မြုပ်နေခဲ့ကြရပါတယ်။ သာသနာ့ဘောင်မှာ သင်္ကန်းဝတ်နေတာတောင်မှ အလွတ်မပေးခဲ့ပါဘူး။ အိမ်ထောင်စုမှာ ယောကျ်ားလေးမရှိလို့ လူသစ်မပေးနိုင်တဲ့အခါ အခကြေးငွေများ ပေးဆောင်ခဲ့ရပါတယ်။

**ယနေ့ နိုင်ငံ့တာဝန်ယူထားတဲ့ တပ်မတော်အစိုးရဟာ တိုင်းရင်းသားတွေအပေါ်မှာ အမိ အဖကဲ့သို့ စိတ်ရင်းစေတနာတွေနဲ့ ဆောင်ရွက်နေတဲ့အချိန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီသို့ ချီတက်နေတဲ့အချိန်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ကြားကွက်လပ်မကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတာကို တိုင်းရင်းသားအားလုံး သိရှိနိုင်ကြပါတယ်ရှင့်။**

### နောင်တရရှိ

ငြိမ်းချမ်းရေးအဖွဲ့အစည်းများဟာ တပ်မတော်၊ ပြည်သူတို့နဲ့ လက်တွဲပြီး မြို့ရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းများကို တွေ့မြင်ခြင်း၊ သူတို့ရဲ့ လက်နက်ကိုင်ဘဝ တစ်လျှောက်လုံးမှာ မိဘပြည်သူတွေ ဒုက္ခခံစားနေခဲ့ကြရတာတွေအပေါ် ကိုယ်တိုင် နားလည်စာနာပြီး နောင်တရရှိလာခြင်း၊ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသအစွန်အဖျားတွေမကျန် လမ်းတံတားကြီးများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ တက္ကသိုလ် ကောလိပ်များ၊ ဆည်မြောင်းတာတမံများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ခေတ်မီအဆောက်အအုံများ၊ တိုင်းရင်းသားများအပေါ် မှန်ကန်သောစေတနာဖြင့် နေ့မအား ညမနား ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များကို မျက်မြင်တွေ့ရှိခံစားနေရပြီး မိမိတို့စိတ်ဆန္ဒအလျောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြတယ်ဆိုတာ ကြွရောက်လာတဲ့ မိဘပြည်သူတစ်ရပ်လုံး အသိဆုံးဖြစ်ပါတယ်ရှင့်။

ကျွန်မတို့ရဲ့ ဒီမြေ ဒီဒေသအပေါ် လွှမ်းခြုံထားတဲ့ တိမ်ညိုမည်းတွေ ကင်းစင်ပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ သမိုင်းတစ်ခေတ် ဆန်းသစ်တဲ့နေ့ကို ကျွန်မတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်ခြင်း အင်အားများကိုနှလုံးသွင်းပြီး အေးချမ်းသာယာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးဆီသို့ အရောက်လျှောက်လှမ်းနိုင်တော့မယ်လို့ ယုံကြည်ပါတယ်ရှင်။

### ထာဝရငြိမ်းချမ်းရေး

ကျွန်မတို့အနေနဲ့ ယခုထက်ပိုပြီး ဝမ်းသာပျော်ရွှင်ရအောင် ယခုအချိန်အထိ သံသယစိတ်တွေနဲ့ လက်နက်စွဲကိုင်နေကြသေးတဲ့ ဦးလေး၊ အစ်ကို၊ မောင်တွေအားလုံး အမှားကို မြင်၊ အမှန်ကိုပြင်ပြီး ရှေ့က လမ်းပြဦးဆောင်ခဲ့ကြတဲ့ ဦးမိန်းစင်တို့ကဲ့သို့ မိဘပြည်သူတွေရဲ့ နွေးထွေးတဲ့ရင်ခွင်ကို အမြန်ဆုံး ခိုလှုံဝင်ရောက်ပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်လာကြပါလို့ ဖိတ်ခေါ်အပ်ပါတယ်ရှင့်။

လက်နက်ကို အခိုင်ဟွယ်မဲ့ ကိုင်ဆောင်ထားခြင်းဟာ ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး။ မိမိဒေသအတွက် သာမက နိုင်ငံနှင့် လူမျိုးအားလုံးအတွက်ကိုပါ အန္တရာယ်ဖြစ်စေနိုင်တာမို့ သံသယအမျိုးမျိုးနဲ့ ကိုင်ဆောင်ထားတဲ့ ဥပဒေမဲ့ လက်နက်တွေကို အမြန်ဆုံးစွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြဖို့ အချိန်တန်ပါပြီရှင်။ မိမိ ချစ်မြတ်နိုးလှပါတယ်ဆိုတဲ့ ကိုယ့်တိုင်းရင်းသားတွေ၊ ကိုယ့်မိဘဆွေမျိုးတွေရဲ့ဘဝ အေးချမ်းသာယာဖို့၊ ကိုယ်မွေးဖွားကြီးပြင်းရာနယ်မြေဒေသ ကိုယ့်ရပ် ကိုယ့်ရွာ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထာဝရငြိမ်းချမ်းရေးပန်းတိုင်အရောက် အမြန်လျှောက်လှမ်းလာခဲ့ကြပါလို့ မိခင်တွေ၊ ဇနီးသည်တွေ၊ အမေတွေ၊ ညီမငယ်တွေ၊ သမီးငယ်တွေအားလုံးရဲ့ကိုယ်စား အနူးအညွတ် ဖိတ်ခေါ်တိုက်တွန်းအပ်ပါတယ်ရှင့်။ ။



**ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် လဲချား–မိုင်းနောင်–မိုင်းရှူး လမ်းပေါ်တွင်တည်ရှိပြီး အရှည်ပေ ၂၄၀ ရှိသည့် မတ်လန်းတံတားကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။** (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

# ဦးမိန်းစင်အဖွဲ့ အပါအဝင် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြသည့်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်အားလုံး နိုင်ငံတော်အစိုးရနှင့် သဘောတူညီချက်အပြည့်အဝရလို့ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြတာဖြစ်



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၆)တွင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

● *ကျော်ဖုံးမှ*

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မတီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အမှုဆောင်များနှင့် ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းမှူးချုပ်များနှင့် သတင်းတာဝန်ခံများ၊ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) ("SSA-S") (ရွက်ဆစ်အဖွဲ့) တပ်မဟာ(၇၅၈)မှ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် ဦးမိန်းစင်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပဏာမရှင်းလင်းပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားကို တက်ရောက်လာကြသော သံအမတ်ကြီးများ၊ သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းဖြင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ယခုဆိုရင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) SSA-S အဖွဲ့ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင်ဦးစီး အင်အား ၈၄၈ ဦးတို့သည် ၎င်းတို့ကိုင်ဆောင်သော လက်နက်ကြီး၊ လက်နက်ငယ်များနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီးဖြစ်ကြောင်း၊ ၎င်းတို့အားလုံး ယခုလို ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြရသည့် အကြောင်းရင်းများကိုလည်း တပ်မဟာမှူး ဦးမိန်းစင်၊ ဒုတပ်မဟာမှူး ဦးစိုင်းတနှင့် စစ်ကြောင်းမှူး ဦးစိုင်းရန်းတို့က အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြပြီးလည်း ဖြစ်ကြောင်း။

ထို့ကြောင့် ယခုအချိန်မှစပြီး ဦးမိန်းစင် ဦးစီး SSA-S တပ်မဟာ(၇၅၈) ဥပဒေဘောင်အတွင်း ဝင်ရောက်မှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းနိုင်ကြပါကြောင်းဖြင့် ပဏာမရှင်းလင်းပြောကြားသည်။

## ဦးအောင်လှထွန်း(ရိုက်တာသတင်းဌာန)

ကျွန်တော်သိချင်တဲ့ မေးခွန်းက ဦးမိန်းစင်တို့ကို လက်နက်ပြန်ပေးတာ တွေ့ရပါတယ်။ သူတို့ကို လက်နက်ပြန်ပြီးတော့ ပေးကိုင်မှာလား၊ ဘယ်ဒေသမှာ အခြေချမလဲ အဲဒါလေး သိချင်ပါတယ်။

ကျွန်တော် နောက်မေးခွန်းတစ်ခု မေးချင်ပါသေးတယ်။ အဲဒီလို လက်နက်ပေးကိုင်ထားတဲ့အဖွဲ့အစည်း ဘယ်နှခုရှိပါသလဲ၊ နောက် unconditional ဝင်လာတဲ့ အဖွဲ့အစည်းက ဘယ်နှခုရှိပါသလဲ။

## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

အခု ဦးမိန်းစင် ဦးစီးတဲ့ SSA-S တပ်မဟာ(၇၅၈)ဟာ လက်နက်ခဲယမ်းများနဲ့အတူ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာခဲ့ပြီးဖြစ်ပါတယ်။ သူတို့ဝင်ရောက်လာပြီးတော့ လက်နက်တွေ သက်ဆိုင်ရာဒေသအာဏာပိုင်ကို အပ်တယ်။ ဒေသအာဏာပိုင်ကလည်းပဲ ဒီလက်နက်တွေကို သူတို့ကို ပြန်လည်တပ်ဆင်ပေးပါတယ်။ ဘာ့ကြောင့် ဒီလိုတပ်ဆင်ပေးတာလဲဆိုလို့ရှိရင် သူတို့ကိုယ် သူတို့ ကာကွယ်ရဦးမှာဖြစ်ပါတယ်။

ဘာကြောင့် ကာကွယ်ရဦးမှာဖြစ်တာလဲဆိုလို့ရှိရင် ဦးမိန်းစင်နဲ့အဖွဲ့ ဥပဒေဘောင်အတွင်းဝင်ရောက်ဖို့ သူတို့ကြိုးစားနေကြတဲ့ အချိန်အခါမှာ ဦးမိန်းစင်ရဲ့ ရှင်းလင်းချက်ထဲမှာလည်း ကြားလိုက်ကြပြီးသား ဖြစ်ပါတယ်။ SSA-S ရွက်ဆစ်က စာတွေပို့ပြီးတော့ ခြိမ်းခြောက်ပါတယ်။ မင်းတို့ ဒီလို ဥပဒေဘောင်အတွင်း မသွားနဲ့၊ သွားရင်တော့ မင်းတို့ရဲ့ မိဘဆွေမျိုးအားလုံးကို ငါတို့သတ်မယ်၊ အရေးယူမယ် ဒီလိုခြိမ်းခြောက်ပါတယ်။ ဒါ့အပြင်လည်းပဲ တခြားသောအဖွဲ့တွေကို စေလွှတ်ပြီးတော့ ဦးမိန်းစင်တို့ကို ပြန်ပြီးတော့ စည်းရုံးပါတယ်။ ဒါ့ကြောင့် သူတို့ကိုယ် သူတို့ကာကွယ်ဖို့လိုတဲ့အတွက် ကနေ့ လက်နက်တွေကို ပြန်လည်ကိုင်ဆောင်ခွင့်ပေးတာဖြစ်ပါတယ်။

သို့သော်လည်းပဲ လက်နက်ကိုင်ဆောင်တဲ့အခါမှာ ဟိုတုန်းက ကိုင်ဆောင်ခဲ့တာနဲ့ ကနေ့ ကိုင်ဆောင်တာ လုံးဝကွဲပြားသွားမှာဖြစ်တယ်။ ဟိုတုန်းက ကိုင်ဆောင်တာကတော့ ဥပဒေနဲ့အညီ၊ စည်းကမ်းနဲ့အညီ မဟုတ်ပါဘူး။ သူ့အဖွဲ့အစည်း သူ့အစီအစဉ်နဲ့သူ ကိုင်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

ကနေ့ ကိုင်ဆောင်တာကတော့ နိုင်ငံတော်ကသတ်မှတ်ထားတဲ့ ဥပဒေနဲ့အညီ ဒီလက်နက်တွေကို ကိုင်ဆောင်သွားကြမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြောရင်တော့ **ကနေ့ လက်နက်ကိုင်ဆောင်ခြင်းသည် တိုင်းပြည်နဲ့ လူထု၊ ဒေသပြည်သူအတွက် အပြုလုပ်ငန်းများကိုဆောင်ရွက်ဖို့ ကိုင်ဆောင်သွားကြမှာဖြစ်ပါတယ်။** ဒါ့အပြင် ဦးမိန်းစင်တို့ဟာ သက်ဆိုင်ရာအာဏာပိုင်တွေနဲ့ စကားပြောကတည်းကိုက သူတို့ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီးရင် သူတို့ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်နဲ့အတူ ကြိုးပမ်းဆောင်ရွက်ချင်ပါတယ်လို့ ဒီလို အဆိုပြုပါတယ်။ ဒါ့ကြောင့် သူတို့တစ်တွေဟာ သူတို့ကိုယ်သူတို့ ကာကွယ်ရင်း၊ သူတို့ဒေသကို ကာကွယ်ရင်း သူတို့ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်ပြီးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အခုလို လက်နက်တွေ ပြန်လည်တပ်ဆင်ပေးထားတာ ဖြစ်ပါတယ်။

## ဦးမိန်းစင်

ကျွန်တော်တို့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်ခဲ့တဲ့အတွက် နိုင်ငံတော်က ကျွန်တော်တို့ရဲ့ဆန္ဒတွေကို မေးပါတယ်။ ကျွန်တော်တို့ကလည်း ဖြစ်ချင်တာကို နိုင်ငံတော်ထံ ပြန်တင်ပြပါတယ်။ ကျွန်တော်တို့ အခြေချမယ့် နေရာကတော့ (၁) နားပွဲရွာ၊ (၂) ဝမ်ပန်ရွာ ဖြစ်ပါတယ်။

## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးအောင်လှထွန်းမေးတဲ့ နောက်မေးခွန်းတစ်ခုက ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ အဖွဲ့ပေါင်း ဘယ်လောက်ရှိသလဲ ဒီဟာကို မေးထားပါတယ်။ အဲဒီတော့ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ အဖွဲ့ကြီးပေါင်းက ၁၇ ဖွဲ့ ရှိပါတယ်။ အဖွဲ့ငယ်အများအပြားရှိပါတယ်။ အဲဒီတော့ အဲဒီအထဲကမှ Unconditionally ဝင်ရောက်လာတယ်လို့ ပြောလို့ရတာကလည်း တော်တော်များများရှိပါတယ်။ လတ်တလောမှာ ဦးအောင်လှထွန်းတို့သိတဲ့အတိုင်း ရှမ်းပြည်နယ်မြောက်ပိုင်းမှာဝင်ရောက်လာခဲ့ကြတဲ့ PSLO က ဦးအိုက်မုန်းဦးစီးတဲ့အဖွဲ့၊ ဒါက ပလောင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်ပါတယ်။ နောက် တစ်ခုကတော့ ဦးဂုဏ်ခေ ဦးစီးတဲ့ SSNA က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်ပါတယ်။ နောက်တစ်ခုက ဦးကန်နဦးစီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ ဖြစ်ပါတယ်။

## ဦးအောင်ရွှေဦး (NTV သတင်းဌာန)

ကျွန်တော်က NTV သတင်းထောက် ဦးအောင်ရွှေဦး ဖြစ်ပါတယ်။ အခု ကြီးကြီးမားမား အင်အားကြီးကြီးနဲ့ ပြန်ဝင်လာတဲ့ဥစ္စာဟာ တော်တော်သိသိသာသာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခု SSA-S ဘယ်လောက် ကျန်သလဲဆိုတာ သိချင်ပါတယ်။

နောက်တစ်ခုက ဦးမိန်းစင်ဟာ ရွက်ဆစ်အဖွဲ့မှာ သူက ဒုတိယအကြီးဆုံးပုဂ္ဂိုလ်လား သို့မဟုတ် သူ့လိုပုဂ္ဂိုလ်တွေရှိသေးလားဆိုတာ သိချင်ပါတယ်။ ဒီမှာရေးထားတဲ့အတိုင်းဆိုရင်တော့ သူက ဒုတိယအကြီးဆုံးပါပဲ။ Rank and Responsibility က ပေါ်ပါတယ်။ သို့သော်လည်း ပိုရှင်းအောင် ကျွန်တော်မေးတာပါ။

နောက်တစ်ခုက သတင်းစာမှာ ဆောင်းပါးတစ်ခု၊ ဒီတစ်ရက် နှစ်ရက်အတွင်းက ဖတ်လိုက်တဲ့အခါမှာ သဘောတူညီမှုအပြည့်အဝရတဲ့ အဖွဲ့အစည်း ၁၃ ခုလား၊ ၁၄ ခုလား မသိဘူးရှိတယ်ဆိုပြီးတော့ ကျွန်တော် မှတ်သားလိုက်မိပါတယ်။ အင်္ဂလိပ်လိုပြန်တာကလည်းပဲ၊ Complete Understanding ဆိုပြီးတော့ ဒီလိုပြန်ထားပါတယ်။ အဲဒီတော့ အပြည့်အဝ သဘောတူညီမှုရတဲ့ အဖွဲ့ဆိုတာဟာ အပြည့်အဝသဘောတူညီမှုရတယ်ဆိုတာ ဘာကို ဆိုလိုသလဲ ဆိုတာကို သိချင်ပါတယ်။

ပြီးတော့ နောက်တစ်ခုက အခုလို ဝင်လာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာ အရေးတကြီးဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားညီလာခံကိစ္စ၊ ပြီးတော့ နောက်တစ်ခုက အမျိုးသားများညီညွတ်ရေး၊ တိုင်းရင်းသားများ ညီညွတ်ရေးကိစ္စမှာ ဘယ်လောက်များ ဒီလိုအထောက်အကူပြုမလဲ၊ ဘယ်လောက် အောင်မြင်မြန်ဆန်မလဲဆိုတာလေးကိုလည်း သုံးသပ်တင်ပြစေလိုပါတယ်။

## ဦးမိန်းစင်

ကျွန်တော်တို့က တပ်မဟာ(၇၅၈)အဖွဲ့မှ အင်အား ၈၄၈ ဦးဟာ ၆–၇–၂၀၀၆ ရက်နေ့မှာ ဥပဒေဘောင်အတွင်း စတင်ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ခွဲထွက်လာပြီးတဲ့နောက် လွယ်တိုင်းလျှံမှာရှိတဲ့ ရွက်ဆစ်အဖွဲ့မှာ အဖွဲ့ဝင် ၁၀၀၀ လောက်ပဲကျန်ရှိပါတယ်။ SSA-S အဖွဲ့ထဲမှာ ကျွန်တော့်ထက်ကြီးတဲ့သူ ရှိသလားဆိုရာမှာ ကျွန်တော်နဲ့ ရာထူးတူတာကတော့ ဦးခေးငင်း ဖြစ်ပါတယ်။ အမျိုးသားညီလာခံနဲ့ပတ်သက်ပြီး မေးမြန်းတာကို ဖြေရရင်တော့ တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရန် မိမိတတ်နိုင်တဲ့ဘက်မှ တတ်အားသရွေ့ ပါဝင်ကြိုးပမ်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ် ဦးအောင်ရွှေဦး၊ ဦးအောင်ရွှေဦး နောက်ထပ်မေးတဲ့ မေးခွန်းတစ်ခုက ပြီးခဲ့တဲ့ရက်ပိုင်းလောက်က သတင်းစာထဲမှာ အပြည့်အဝသဘောတူညီချက်ရတဲ့ အဖွဲ့ ၁၃၊ ၁၄ ဖွဲ့ရှိတယ်လို့ ဒီလိုဖတ်လိုက်ရပါတယ်။ အပြည့်အဝသဘောတူညီချက်ရှိတယ်ဆိုတာ ဘာပါလည်းလို့ ဒီလိုမေးတာဖြစ်ပါတယ်။ ဒါကတော့ ဆောင်းပါးရှင်ရဲ့ ရေးသားချက်ဖြစ်ပါတယ်။

တကယ်တော့ ကနေ့ **ဦးမိန်းစင်တို့အဖွဲ့ အပါအဝင် အရင်က ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော အဖွဲ့ကြီး ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ်အားလုံးဟာလည်း နိုင်ငံတော်အစိုးရနဲ့ သဘောတူညီချက်အပြည့်အဝရလို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြတာ ဖြစ်ပါတယ်။ အားလုံးဟာ သဘောတူညီချက်အပြည့်အဝရရှိကြပြီးမှ ဝင်လာကြတာဖြစ်ပါတယ်။** ဒါတစ်ချက် ကျွန်တော်ဖြေလိုပါတယ်။

အဲဒီတော့ လက်နက်ကို ဆက်ပြီးကိုင်ဆောင်ထားတာနဲ့ ပတ်သက်လို့ကတော့ အဲဒီသဘောတူညီချက်တွေထဲမှာ သက်ဆိုင်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ အဖွဲ့များဟာ လိုအပ်ချက်အရ၊ လိုအပ်ချက်ဆိုတာ စောစောက သူတို့ကိုယ်သူတို့ ကာကွယ်ဖို့၊ ဒေသဖွံ့ဖြိုးရေးလုပ်ဖို့ စသဖြင့်ပေါ့လေ။ လိုအပ်ချက်အရ လက်နက်ကိုင်ဆောင်ချင်သေးတယ်ဆိုရင်လည်း ကိုင်ဆောင်ခွင့်ပေးပါတယ်။ အဲဒါ သဘောတူညီချက်တစ်ခုပါ။

သို့သော် နောက်သဘောတူညီချက်က ဘာလဲဆိုရင် **တစ်ချိန်သော အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရင်တော့ အဲဒီအခါမှာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ အဖွဲ့အားလုံးဟာ လက်နက်စွန့်ကြရမှာဖြစ်ပါတယ်။ ဒါကိုလည်း အားလုံးသဘောတူညီကြပြီးသားဖြစ်ပါတယ်။ အဲဒီလို အချိန်အခါမှာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာပြီးတဲ့နောက်မှာ လက်နက်စွန့်ကြရတာဟာ ကျွန်တော်တို့က စွန့်ခိုင်းတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်အရ အဲဒီစနစ်က ကန့်သတ်တာဖြစ်ပါတယ်။ အဲဒီစနစ်က လက်နက်စွန့်စေရတာဖြစ်ပါတယ်။ စနစ်ကြောင့် စနစ်အရ ဒါမှသာလျှင် ဒီမိုကရေစီစနစ်ကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်မှာ ဖြစ်ပါတယ်။** အဲဒါကြောင့် လက်နက်စွန့်ကြရမှာဖြစ်ပါတယ်။ အဲဒါဟာလည်းပဲ အားလုံးနဲ့ ဆွေးနွေးစဉ်ကတည်းက အားလုံးက သဘောတူညီချက်ရပြီးသားဖြစ်ပါတယ်။ ဒါဆိုရင် ဦးအောင်ရွှေဦးမေးတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းပြေလည်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ အခုလို ဦးမိန်းစင် ဦးစီးတဲ့ အဖွဲ့ဟာ အင်အား ၁၀၀၀ နီးပါးနဲ့၊ လက်နက်ပေါင်းလည်း ၁၀၀၀ နီးပါးနဲ့၊ လက်နက်ကြီးတွေဆိုလည်း အများအပြားနဲ့ ဒီလိုဝင်ရောက်လာပါတယ်။ အဲဒီလို ဝင်ရောက်လာခြင်းဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဘယ်လိုများ အကျိုးသက်ရောက်စေပါသလဲလို့ ဒီလိုမေးတယ်။ မှန်ပါတယ်၊ ဦးအောင်ရွှေဦးတို့

*စာမျက်နှာ ၁၃ ကော်လံ ၁*



ဂျီဂျီသတင်းဌာနမှ ဦးအောင်သူမြိုင် မေးမြန်းစဉ်။ (သတင်းစဉ်)



NTV သတင်းဌာနမှ ဦးအောင်ရွှေဦး မေးမြန်းစဉ်။ (သတင်းစဉ်)



TBS သတင်းဌာနမှ ဦးသစ္စာလှထွေး မေးမြန်းစဉ်။ (သတင်းစဉ်)



Mainichi သတင်းဌာနမှ ဦးစဝ်ကိုင်ဖ မေးမြန်းစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၁၂ မှ*

အားလုံးသိတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၈၈ ခုနှစ်တစ်ဝိုက် အခြေအနေကို ပြန်ကြည့်ပါ။

လက်နက်ကိုင်ပြီးတော့ ဆန့်ကျင်နေတဲ့ သောင်းကျန်းသူအဖွဲ့ အများအပြားရှိပါတယ်။ ပြီးရင်လည်း (၈၈)ခုနှစ်တစ်ဝိုက်မှာ ဖြစ်ပွားသွားတဲ့ စည်းလုံးညီညွတ်မှုပျက်ပြားမှုဟာ ပါတီတွေလည်း ထောင်ခွင့်ပေးလိုက်ရော ပါတီပေါင်း ၂၃၀ ကျော် ဖြစ်လာပါတယ်။ အဲဒီအချိန်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဘယ်လိုရှိမယ်ဆိုတာ အားလုံးမြင်နိုင်ပါတယ်။

သို့သော်လည်းပဲ တပ်မတော်အစိုးရတာဝန်ယူပြီးတဲ့နောက်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ မရှိမဖြစ်လိုတယ်။ နိုင်ငံတော်အတွင်းမှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတွေဟာ မရှိမဖြစ် လိုတယ်။ ဒါ့ကြောင့် ဒါကို ရအောင်တည်ဆောက်ရမယ်လို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သုံးသပ်ပြီးတဲ့အခါမှာ ငြိမ်းချမ်းရေးတံခါးဖွင့်ပြီးတော့မှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရအောင် တည်ဆောက်ခဲ့တယ်။

အဲဒီလို တည်ဆောက်ခဲ့တဲ့အတွက် အခု ဦးမိန်းစင်တို့မပါ အရင်တုန်းက အဖွဲ့ကြီး ၁၇ ဖွဲ့နဲ့ အဖွဲ့ပေါင်း အများအပြား ဥပဒေဘောင်အတွင်း ဝင်ခဲ့ပါတယ်။ ဒါကြောင့် **ကနေ့အခါမှာ ဘယ်ခေတ်ဘယ်အခါတုန်းကမှ မရတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရရှိနေပြီဖြစ်ပါတယ်။ အခု ဦးမိန်းစင်တို့ ထပ်ပြီးဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့အခါကျတော့ အချိုပေါ်သကာလောင်းဆိုသလို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ ပိုမိုပြီးတော့ ရရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားဒေသပြည်သူများနဲ့ တိုင်းရင်းသားများအားလုံးကလည်း ဒီဒေသမှာ အေးချမ်းသွားပြီ၊ တည်ငြိမ်သွားပြီဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုပြီးတော့ အထောက်အကူပြုပြီးတော့ အကျိုးပြုလာမှာဖြစ်ပါတယ်**လို့ ကျွန်တော် ဒီလိုဖြေလိုပါတယ်။

ဒုတိယ ဦးအောင်ရွှေဦး မေးတာကတော့ အခုလို ဝင်ရောက်လာမှုဟာ အမျိုးသားညီလာခံအတွက် ဘယ်လိုအကျိုးသက်ရောက်စေပါသလဲလို့ မေးတယ်လို့ ထင်ပါတယ်။ ကနေ့ ကျွန်တော်တို့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်၊ တိုင်းရင်းသား လူထုလူတန်းစား အလွှာပေါင်း ရှစ်လွှာကနေပြီးတော့ တက်ရောက် ဆွေးနွေးညှိနှိုင်းလျက်ရှိကြပါတယ်။ အောင်မြင်လည်း အောင်မြင်နေပါတယ်။ အဲဒီအခြေခံတွေကို အခြေခံပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲနိုင်တော့မှာဖြစ်ပါတယ်။

တစ်ဖက်က ကျွန်တော်တို့ ဒီလိုလုပ်နေသလို တစ်ဖက်က ဆန့်ကျင်တဲ့အဖွဲ့တွေ အနည်းအပါးရှိပါတယ်။ ကနေ့ တောတွင်းမှာကျန်နေတဲ့ KNU၊ ရွက်ဆစ်ရဲ့ SSAအဖွဲ့၊ ဟိုဘက်က KNPP အဖွဲ့၊ အခြားသော ပြည်ပြေးအဖွဲ့တွေနဲ့ အနောက်ဆရာကြီးတွေ ပူးပေါင်းပြီးတော့ အမျိုးသားညီလာခံကို ပျက်အောင်၊ အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေဆွဲဖို့ ကြိုးစားသလို သူတို့တစ်တွေကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွဲကြတယ်လို့ ကျွန်တော်တို့ သိနေပါတယ်။ ဒါဟာ ဘာလဲဆိုရင် သောင်းကျန်းသူအဖွဲ့များက အမျိုးသားညီလာခံရဲ့ Process တွေကို၊ လုပ်ငန်းစဉ်တွေကို ထိခိုက်အောင် ဆောင်ရွက်နေသော အခြေအနေတွေဖြစ်ပါတယ်။

အဲဒီအခြေအနေထဲကမှ **ဦးမိန်းစင်ရဲ့ အင်အား ၁၀၀၀ အဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီဆိုတော့ အမျိုးသားညီလာခံကို ဆန့်ကျင်နေသော အဖွဲ့နည်းသွားပြီပေါ့။ ဒါ့အပြင် ဦးမိန်းစင်တို့ အရင်က လှုပ်ရှားခဲ့တဲ့ နယ်မြေတစ်ခုလုံးလည်းပဲ အေးချမ်းသွားမယ်၊ တည်ငြိမ်သွားမယ်ဆိုတဲ့အခါကျတော့ အမျိုးသားညီလာခံအောင်မြင်ရေးကို သူတို့တစ်တွေလည်း တစ်တပ်တစ်အားပါဝင်ပြီးတော့ ကူညီနိုင်ကြတော့မှာပေါ့။** ဒါ့ကြောင့်မို့လို့ အခုလို ဝင်ရောက်လာခြင်းဟာ အမျိုးသားညီလာခံအတွက်လည်းပဲ အင်မတန်မှ အကျိုးဖြစ်ထွန်းစေပါတယ်လို့ ကျွန်တော် ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဦးစဝ်ကိုင်ဖ (Mainichi သတင်းဌာန)

ကျွန်တော် ဦးမိန်းစင်ကို မေးချင်ပါတယ်။ အဲဒါကတော့ SSA-S ရွက်ဆစ်အဖွဲ့ရဲ့ ဘိန်းထုတ်လုပ်မှောင်ခိုမှုပမာဏအကြောင်းကို ပြောနိုင်ရင် ပြောပေးပါ။

## ဦးမိန်းစင်

ရွက်ဆစ်တို့ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့နေရာမှာ ပမာဏဘယ်အတိုင်းအတာအထိ ထုတ်လုပ်သလဲလို့မေးရာမှာ ကျွန်တော်တို့သိရသလောက်တော့ ရွက်ဆစ်တို့ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့နေရာမှာ ၂၇–၂–၉၆ရက်နေ့ကစပြီး MTAလက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ပြီးတဲ့နောက် ၂၈–၃–၉၆ရက်နေ့မှာ ကျွန်တော်တို့အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ အခုအချိန်ကစပြီး မူးယစ်ဆေးဝါးနဲ့ လုံးဝကင်းရှင်းရမယ်ဆိုပြီး မူဝါဒနှစ်ရပ်ချမှတ်ဖို့ သဘောတူညီခဲ့ကြပါတယ်။

အဲဒီမူနှစ်ရပ်ကတော့ (၁) မူးယစ်ဆေးဝါးနဲ့ နိုင်ငံရေးပတ်သက်မှုမရှိစေရ၊ ပတ်သက်ပါက သေဒဏ်ပေးရန်၊ (၂) မူးယစ်ဆေးဝါးကြောင့် စစ်စည်းကမ်း မထိခိုက်စေရ၊ စည်းကမ်းဖောက်ဖျက်ပါက သေဒဏ်ပေးရန်တို့ဖြစ်ပါတယ်။ အထက်ပါမူတွေကို ရွက်ဆစ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားပြီး တားမြစ်ပေမယ့် ရွက်ဆစ်ကိုယ်တိုင် ချိုးဖောက်ခဲ့ပါတယ်။

၁၉၉၆ခုနှစ် ဇူလိုင်လမှာတော့ ရွက်ဆစ်ကိုယ်တိုင် တရုတ်လောပန်တွေကို သွားခေါ်လာပြီး မိုင်းကိုင်၊ ကတ်ဖွီးရွာအနောက်ဘက်တောင်ခြေမှာ မူးယစ်ဆေးဝါး လာရောက်လုပ်ကိုင်ပါတယ်။ ၁၉၉၇ခုနှစ်မှာတော့ တရုတ်လောပန်တွေကိုခေါ်ပြီး နမ့်ပန်တစ်ကြော နောင်တောရွာမှာ ထပ်မံလုပ်ကိုင်ပါတယ်။ ဒါတင်မက တပ်မဟာနယ်မြေအတွင်းမှာ မူးယစ်ဆေးဝါးလုပ်ကိုင်တာတွေကိုလည်း အခွန်အခကောက်ခံဖို့ ရွက်ဆစ်ကပဲ ညွှန်ကြားပါတယ်။ အခွန်အခ အနေနဲ့ကတော့ တချို့လုပ်ကွက်တွေမှာတော့ ဘိန်းပိဿာပေါင်း နှစ်ရာကနေ သုံးရာအထိရပါတယ်။ ကောက်ခံရရှိတဲ့ ဘိန်းတွေကို သူ့ထံပို့ပေးဖို့ ညွှန်ကြားတဲ့အတွက် ပို့ပေးရတာတွေလည်းရှိပါတယ်။ နောက်တစ်မျိုးကတော့ အဓမ္မဝယ်ယူတာပါ။ ဘယ်လိုဝယ်ယူသလဲဆိုရင် တပ်မဟာနယ်မြေအတွင်းမှာ ထွက်ရှိသမျှဘိန်းတွေကို သူ့ဆီမှာပဲအကုန်ရောင်းချပေးရမယ်၊ အခြားသူထံမှာမရောင်းရဘူးလို့ ညွှန်ကြားပါတယ်။ ကျွန်တော်သိရသလောက်တော့ ၂၀၀၆ခုနှစ်မှာ မိုင်းကိုင်၊ ဆမ်ဟ၊ မိုင်းလန်း၊ မိုင်းယွန်း၊ ကျိုင်းတောင်း၊ ကျိုင်းခမ်း၊ ကျိုင်းလုံ၊ မိုးနဲ၊ မိုင်းပန်မှ ကောက်ခံရရှိတဲ့ ဘိန်းအလေးချိန်ပေါင်း အနည်းဆုံး ပိဿာ၅၀၀၀–၆၀၀၀လောက်တော့ ရှိလိမ့်မယ်၊ ဒါတင်မက စိတ်ကြွဆေးပြားနဲ့ ဘိန်းဖြူထုတ်လုပ်ပြီး မိုင်းရှူးဘက်ကနေပြီး နယ်စပ်အထိ သယ်ယူပို့နေတာတွေလည်း၊ အသေးစိတ်မသိနိုင်တာတွေလည်း အများကြီးပါပဲ။ သိရတာကတော့ ၂၀၀၁ခုနှစ်မှာ ဦးစောပေတက ကျော့ပိုးအိတ်အလုံးပေါင်း ၈၀ကို မိုင်းရှူးကနေ နယ်စပ်အထိ သယ်ဆောင်သွားတာသိရပါတယ်။

## ဦးအောင်သူမြိုင် (ဂျီဂျီသတင်းဌာန)

ကျွန်တော် ဂျီဂျီသတင်းဌာန(ဂျပန်)က ဖြစ်ပါတယ်။ ဦးမိန်းစင်ကို ကျွန်တော်မေးချင်ပါတယ်။ ဦးမိန်းစင်တို့က ရှမ်း(တောင်)မှာ အခြေစိုက်နေတာဖြစ်တဲ့အတွက်ကြောင့် အနာဂတ်မှာ မူးယစ်တိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီးတော့ ပူးပေါင်းပါဝင်ဖို့ အစီအစဉ်ရှိ မရှိ ဖြေကြားပေးပါ။ ကျေးဇူးတင်ပါတယ်။

## ဦးမိန်းစင်

မူးယစ်ဆေးဝါးတိုက်ဖျက်ရာမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှာလားလို့ မေးတာနဲ့ပတ်သက်ပြီးတော့ကာ ကျွန်တော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာချိန်မှာ နိုင်ငံတော်နဲ့ညှိနှိုင်းသဘောတူညီခဲ့တဲ့ အချက်များအနက် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းမှာ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်၊ အဖျက်သမားတွေကို တိုက်ဖျက်ချေမှုန်းရန်၊ ပြည်ပရန်ကို ပူးပေါင်းကာကွယ်တိုက်ဖျက်သွားရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီး အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့ အချက်များလည်းပါဝင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ နိုင်ငံတော်အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

## ဦးကိုကို (ယူမီယူရီရှင်ဘွန်း)

တပ်မဟာမှူး ဦးမိန်းစင်ဟာ အင်အား ၈၄၈ ဦးနဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်တယ်ဆိုတဲ့သတင်းဟာ လွန်ခဲ့တဲ့ ရက်သတ္တပတ်မှာလည်း သတင်းစာထဲမှာပါဝင်ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဒီသတင်းနဲ့ပတ်သက်ပြီးတော့ ပြည်ပအသံလွှင့်ဌာနတချို့ကနေပြီးတော့ ရွက်ဆစ်အဖွဲ့ကို တွေ့ဆုံမေးမြန်းရာမှာ အဲဒီလောက် အင်အားမရှိဘူး။ အင်အားတကယ့်တကယ်ကတော့ ၃၀လောက်ပဲရှိတယ်။ သူ့ရဲ့ကိုယ်ရံတော်အဖွဲ့လောက်ပဲ ခေါ်သွားတာဆိုပြီးတော့ ပြန်ဖြေတာလည်း ကျွန်တော်ကြားလိုက်ပါတယ်။ အခု ဒီသတင်းစာရှင်းလင်းပွဲလာတဲ့အခါမှာတော့ ကျွန်တော်တို့ ဦးမိန်းစင်ဦးစီးတဲ့အဖွဲ့ဝင်တွေ တော်တော်များ ဒီအခန်းထဲမှာ ရောက်နေတာလည်းတွေ့ပါတယ်။ ကျွန်တော်ကတော့ ဦးမိန်းစင်ရဲ့ နှုတ်ကပေါ့လေ သေသေချာချာပြောတာ ကြားချင်ပါတယ်။ အဲဒီအင်အား ၈၄၈ ဦးဆိုတာ တကယ် အမှန်ပဲလား။ နောက်တစ်ခုက ခုနက လူ၃၀ လောက်ပဲဝင်လာပါတယ်။ ကိုယ်ရံတော်လောက်ပဲ ပါပါတယ်ဆိုတဲ့ ပြောကြားချက်နဲ့ ပတ်သက်ပြီးတော့ ဦးမိန်းစင်အနေနဲ့ ဘယ်လိုများ တုံ့ပြန်ချင်ပါသလဲ။



ယူမီယူရီရှင်ဘွန်းမှ ဦးကိုကို မေးမြန်းစဉ်။ (သတင်းစဉ်)



ရိုက်တာ သတင်းဌာနမှ ဦးအောင်လှထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

## ဦးမိန်းစင်

ပြည်ပအသံလွှင့်ဌာနကနေပြီး ရွက်ဆစ်အဖွဲ့ကို မေးမြန်းဖြေကြားရာမှာ ကျွန်တော်တို့အဖွဲ့ဟာ လူအင်အား၃၀လောက်နဲ့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာခဲ့တယ်လို့ဆိုသွားပါတယ်။ တကယ်တမ်းကျတော့ ဥပဒေဘောင်အတွင်း ဝင်လာတဲ့ ကျွန်တော့်အဖွဲ့ရဲ့ အင်အားဟာ ၈၄၈ဦးဖြစ်ပါတယ်။ ဥပဒေဘောင်အတွင်း ဝင်လာတဲ့ ကျွန်တော့်အဖွဲ့ရဲ့ အင်အားဟာ သူတို့ပြောသလို ၃၀လောက်လား၊ အများအပြားလားဆိုတာဟာ ဒီနေ့အခမ်းအနားမှာ မိဘပြည်သူများ မြင်တွေ့ရတဲ့အတိုင်းပါပဲ။

ရွက်ဆစ်တို့က ကျွန်တော့်တို့မှာ လူအင်အားနည်းနည်းပဲရှိတယ်လို့ ဆိုခဲ့ခြင်းဟာ နယ်စပ်မှာကျန်ရှိနေတဲ့ လူတွေရဲ့စိတ်ဓာတ်ကို မြှင့်တင်ပေးလိုလို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ အများအမြင်မှာ သူတို့ကို အင်အားကြီးတယ်လို့ မြင်စေချင်သလို ကျွန်တော်တို့ကိုကျတော့ အင်အားသေးငယ်တဲ့အဖွဲ့လို့မြင်စေချင်တာပဲဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ကျွန်တော်တို့မှာ လူအင်အား ၁၀၀၀ကျော်ရှိပါတယ်။ ကျန်နေတဲ့အဖွဲ့ဝင်တွေကိုလဲ ဆက်သွယ်ပြီး ခေါ်ယူနေဆဲဖြစ်ပါတယ်။

အခု ကျွန်တော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတာ စုစုပေါင်းအင်အား ၈၄၈ဦးနဲ့ လက်နက်ကြီး၂၄လက်၊ လက်နက်ငယ် ၈၃၄ လက်ပါလာပါတယ်။ မယုံရင် လာရောက်ကြည့်ရှုနိုင်ပါတယ်ခင်ဗျ။

## ဦးသစ္စာလှထွေး (TBS သတင်းဌာန)

ကျွန်တော် TBS Television & Radio(Japan)ဌာနကပါ။ ကျွန်တော် သိချင်တာက အခုလို ဦးမိန်းစင်တို့အဖွဲ့ ဥပဒေဘောင်အတွင်းဝင်ရောက်လာသလို တခြားသောင်းကျန်းသူအဖွဲ့အစည်းများနဲ့ရော ငြိမ်းချမ်းရေး အလားအလာ ဘယ်လိုရှိပါသလဲ။ အဲဒါလေး သိချင်ပါတယ်။

## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ် ဦးသစ္စာလှထွေး။ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်းမှာတည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတွေရအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေရအောင် ငြိမ်းချမ်းရေးတံခါးကိုအမြဲဖွင့်ပြီးတော့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ငြိမ်းချမ်းရေးတံခါးအမြဲဖွင့်ထားပါတယ်ဆိုတာကိုလည်း အလျဉ်းသင့်တဲ့ သတင်းစာရှင်းလင်းပွဲတွေမှာ ကျွန်တော် ပြောဆိုဆွေးနွေးလေ့ရှိပါတယ်။ ကနေ့အချိန်ထိလည်းပဲ ငြိမ်းချမ်းရေးတံခါးကိုဖွင့်ပြီးတော့ စေတနာမှန်၊ စိတ်ရင်းမှန်နဲ့ ရိုးသားဖြူစင်စွာ နိုင်ငံတော်အနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် တချို့သော သောင်းကျန်းသူအဖွဲ့များဟာ ဒီကိစ္စမှာ နိုင်ငံတော်နဲ့ အဆက်အသွယ်ရှိနေပါတယ်။ သို့သော်လည်း အဲဒီအဆက်အသွယ်ဟာ ငြိမ်းချမ်းရေးရဖို့ အလားအလာဘယ်လိုရှိသလဲဆိုတာနဲ့ ပတ်သက်လို့ကတော့ အဓိကနှစ်ချက်ပေါ် မူတည်မယ်လို့ ထင်ပါတယ်။



ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့) မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

နံပါတ်(၁)အချက်ကတော့ နိုင်ငံတော်အစိုးရအပိုင်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ အဲဒီလို ငြိမ်းချမ်းရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့အတွက် ဆက်သွယ်လာတဲ့အဖွဲ့တိုင်းကို သဘောထားကြီးကြီးနဲ့၊ စိတ်ရှည်ရှည်နဲ့ သူတို့နားလည်သဘောပေါက်အောင် အချိန်ပေးပြီးတော့ ဆွေးနွေးရှင်းလင်းပါတယ်။ ဒါ့အပြင်လည်းပဲ လိုက်လျောနိုင်တဲ့ကိစ္စတွေ၊ ခွင့်ပြုနိုင်တဲ့ကိစ္စတွေကိုလည်းပဲ လိုက်လျောခွင့်ပြုပေးပါတယ်။

ဒါပေမယ့် **လက်နက်ကိုင်အဖွဲ့တွေရဲ့အခြေအနေက တစ်ဖွဲ့နဲ့တစ်ဖွဲ့ အခြေအနေမတူပါဘူး။ သူတို့ရဲ့အဆိုပြုချက်တွေကလည်း မတူပါဘူး။ ဒါကြောင့် နိုင်ငံတော်အစိုးရက အဆိုပြုလာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ဆွေးနွေးတဲ့အခါမှာတော့ အဲဒီ အဆိုပြုတဲ့အဖွဲ့ရဲ့ အခြေအနေပေါ်မူတည်ပြီးတော့ ညှိနှိုင်းဆွေးနွေးရတာဖြစ်ပါတယ်။ Case by Case ဆွေးနွေးရတာဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာဖို့အတွက် နိုင်ငံတော်အပိုင်းက ဆောင်ရွက်နေတာတွေကတော့ အလားအလာကောင်းပါတယ်။ အလားအလာအပြည့်ပါပဲ။**

ဒုတိယပိုင်းကတော့ ဥပဒေဘောင်အတွင်း ဝင်လာဖို့ဆက်သွယ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရဲ့ အပိုင်းဖြစ်ပါတယ်။ အဲဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အနေနဲ့ကတော့ တိုင်းပြည်၊ လူမျိုးနဲ့ ဒေသပြည်သူတွေရဲ့ အကျိုးအတွက်ဆိုတဲ့ဦးတည်ချက်နဲ့ ရိုးရိုးသားသား စေတနာဖြူဖြူစင်စင်နဲ့ ညှိနှိုင်းဆောင်ရွက်ကြမယ်ဆိုရင် အလားအလာကောင်းပါတယ်။

စောစောက ဦးမိန်းစင်တို့ရှင်းပြတဲ့အထဲမှာလည်း အားလုံးကြားလိုက်မှာပါ။ သူတို့ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့လုပ်တဲ့အခါမှာ ရွက်ဆစ်က မင်းတို့အမျိုးတွေကို သတ်ပစ်မယ်၊ မင်းတို့ကို ဘယ်လိုလုပ်ပစ်မယ်လို့ ဥပဒေဘောင်အတွင်း မဝင်အောင် ခြိမ်းခြောက်ပါတယ်။ တခြား သူယုံကြည်တဲ့ အဖွဲ့အစည်းလူတွေကို လွှတ်ပြီးတော့လည်း ပြန်ပြီးစည်းရုံးပါတယ်။

အဲဒီလိုပဲ တခြားဥပဒေဘောင်အတွင်းဝင်ဖို့ ဆက်သွယ်နေတဲ့အဖွဲ့တွေမှာလည်း တခြားသောင်းကျန်းသူတွေ၊ တခြား မလိုလားတဲ့သူတွေက ဝင်ရောက်ပြီးတော့ တားဆီးတာ၊ ခြိမ်းခြောက်တာ၊ ပြန်ပြီးတော့ သွေးထိုးဆွဲဆောင်တာတွေ မရှိဘူးဆိုရင် အလားအလာကောင်းမှာ ဖြစ်ပါတယ်။ ဒါ့အပြင်လည်းပဲ ပြည်ပဆရာကြီးတွေနဲ့ ပြည်ပြေးတွေကလည်း လက်ရှိဥပဒေအပြင်မှာရှိနေတဲ့ သောင်းကျန်းသူအဖွဲ့တွေ ဥပဒေဘောင်အတွင်း ဝင်ရောက်မှာကို သိပ်ကြောက်ပါတယ်။

ဒါကြောင့် သူတို့တွေ မဝင်ရအောင် ပြည်ပဆရာကြီးတွေက သွေးထိုးတယ်၊ မြှောက်ပင့်တယ်၊ ပစ္စည်းငွေကြေးတွေပေးပြီးတော့ သိမ်းသွင်းတယ်။ အဲဒါမျိုးတွေမရှိဘူးဆိုရင်လည်း အလားအလာကောင်းပါတယ်။

တကယ်လို့များ **အဲဒီလို ပြည်ပ ဆရာကြီးတွေရော၊ ပြည်ပြေးတွေရော၊ တချို့သော သောင်းကျန်းသူတွေကရော ဥပဒေဘောင်အတွင်းဝင်ဖို့ ကြိုးစားနေတဲ့အဖွဲ့တွေကို ပြန်ပြီးဆွယ်တယ်၊ ခြိမ်းခြောက်တယ်၊ ငွေကြေးပစ္စည်းပေးပြီးတော့ ပြန်ဆွယ်တယ်ဆိုတာ လုပ်သည့်တိုင် အဲဒီလိုလိုက်လုပ်နေတာဟာ တိုင်းပြည်နဲ့လူမျိုး၊ ဒေသပြည်သူတွေရဲ့အကျိုး မဟုတ်ဘူး။ သူတို့တစ်တွေရဲ့အကျိုးအတွက် လုပ်နေတယ်ဆိုတာကို ဥပဒေဘောင်အတွင်းဝင်ဖို့ ကြိုးစားတဲ့အဖွဲ့တွေက မှန်မှန်ကန်ကန်သိမြင်ပြီးတော့ သူတို့ရဲ့ ဆွဲဆောင်တာတွေကို နားမယောင်ဘူးဆိုရင် အခြေအနေကောင်းပါတယ်။** ကောင်းမှာပါလို့ ဖြေကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

### ကြည့်ရှုလေ့လာ

သတင်းစာရှင်းလင်းပွဲအပြီးတွင် သံတမန်များနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများသည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အတွက် နိုင်ငံတော်က ထောက်ပံ့ပေးအပ်သောပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**

## July လဆန်းအတွက် မွေးနေ့ဆုတောင်း

**ဗိုလ်ကြီး ဒေါက်တာအောင်ကျော်ထွန်း** (ခွဲစိတ်အထူးကု)၏ ၁၈–၇–၂၀၀၆ရက် မွေးနေ့နှင့် **အောင်ချမ်းမင်းဟန်** ၏ ၁၇–၇–၂၀၀၆ရက် တစ်နှစ်ပြည့် မွေးနေ့များမှ နောင်နှစ်ပေါင်းရာကျော်ထိ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် တိုင်းပြည်အကျိုး၊ သာသနာ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်ပါစေ။

**ဖေဖေ** – ဗိုလ်မှူးကြီးမောင်ပါ– **မေမေ** – ဒေါ်ခင်ညွန့်မြိုင်။
**ကိုကြီး**– ဒေါက်တာနိုင်ဝင်း(Kyaw Zeyar Panasonic Telecomm)
**မကြီး** – ဗိုလ်မှူးအောင်ကျော်စိုး–ဒေါက်တာသီတာလွင် – **သမီး** ချစ်စုစုလွင်(မမ)။
**မလေး**– ဗိုလ်ကြီးကျော်ကျော်ထွန်း–ဒေါက်တာခင်ညိုမီလွင် – **သမီး** မေမြတ်ဆုပြည့်။
**ဇနီး** – ဒေါ်အိရွှေစင် – **သမီး** အင်ကြင်းအောင်။

**ရွှေပုပ္ပားအထူးကုဆေးခန်း(ရန်ကင်း)နှင့်**
**ဒဂုံအထူးကုဆေးခန်း(မ/ဒဂုံ)ဝန်ထမ်းများ။**

## (၂၁)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးခင်မြင့်** နှင့် ချစ်မေမေ **ဒေါ်ကြည်ကြည်ညွန့်** မအုကန်းရပ်ကွက်တို့၏ (၂၁)နှစ်မြောက်မှသည် ရတုပေါင်းများစွာ တိုင်အောင် မိသားစုနှင့်တကွ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သာသနာ အကျိုးပြုနိုင်သူများဖြစ်ပါစေကြောင်း ချစ်သား ချစ်သမီးများက ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်သားကြီး – မောင်မင်းကိုနိုင်**
**ချစ်သားလတ် – မောင်ဇော်ဇော်နိုင်**
**ချစ်သားငယ် – မောင်ဝင်းကျော်နိုင်**
**ချစ်သမီးငယ် – ခင်သီတာနိုင်။**






## စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၁၇**

ဇူလိုင်၁၂ရက်တွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ချီပါရွာ မြောက်ရွာဝင် လမ်းအနီးနေ ဦးဘိုကြီး၏အိမ်တွင် ဘုရားမီးပူဇော်ထားရာမှ စတင်မီးလောင်ရာ အရပ်မှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် ခြင်ထောင်၊ အိမ်ခေါင်မိုးနှင့် အိပ်ရာခင်းတို့ မီးလောင်ခံရကာ ဦးဘိုကြီး–မစမ်းစမ်းခိုင်၏သား မောင်ရဲရင့်အောင် အသက်(၅)နှစ်ရှိ မစွမ်းမသန် ကလေးငယ်တစ်ဦးသေဆုံးပြီး တန်ဖိုးငွေကျပ် ၃၀၀၀ဝဖိုးခန့် ဆုံးရှုံးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင်အားပြင်းထန် မြေငလျင်လှုပ်

ရန်ကုန် ဇူလိုင် ၁၇

**ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ၂နာရီ ၄၉မိနစ်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက်မိုင် ၁၇၅၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ၏ ပြင်ပနေရာ (အင်ဒိုနီးရှားနိုင်ငံ ဂျာဗား ကျွန်းတောင်ဘက်)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ဒသမ၂အဆင့်ရှိ အင်အား ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်းတိုင်းထွာရရှိသည်။**

(သတင်းစဉ်)



## အင်ဒိုနီးရှား၌ငလျင်လှုပ်ပြီး ဆူနာမီဖြစ်ပေါ် အနည်းဆုံးလူ ၃၇ဦးသေဆုံးခဲ့ဟုဆို

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားအနောက်ပိုင်းကမ်းခြေမှ အနောက်တောင်ဘက် မိုင်၁၅၀အကွာ အိန္ဒိယသမုဒ္ဒရာ၌ ဇူလိုင်၁၇ရက်က ၇ဒသမ၂ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့ရာ ခြောက်ပေခန့်ရှိသော ဆူနာမီဒီလှိုင်းဖြစ်ပေါ်ခဲ့သည်။

ယင်းငလျင်ကြောင့် ဂျာဗားကျွန်း၌ အနည်းဆုံး လူ၃၇ဦး သေဆုံးသွားပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

**(အင်တာနက်)**


### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၂၄၉၃ နီဆန်းဒီဇယ်ထရပ် ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၁၂/လမန(နိုင်)၁၀၈၂၈၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံးခွဲ(ရွာသာကြီးရုံး)ရန်ကုန်မြို့။**


## ပဲခူးယ်ကုန်းမြို့ သံမဏိရပ်ကွက်၌ညအိပ်ရပ်နားထားသည့် ယာဉ်ငယ်တစ်စီးအောက်ဘက်မှပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၇**

ပဲခူးယ်ကုန်းမြို့ သံမဏိရပ်ကွက် (၁)လမ်း အမှတ် ပသ/၂၄၅ ဒေါ်ဝင်းရီ၏နေအိမ်ရှေ့ခြံဝင်းအပြင် ကားလမ်းပေါ်၌ ဟိုင်းလတ် အမျိုးအစား ယာဉ်အမှတ် ၈ျ/၇၄၄၃အား ညအိပ်ရပ်နားထားစဉ် ဇူလိုင်၁၆ရက် ည ၁၁နာရီခွဲခန့်တွင် ယာဉ်၏ အောက်ဘက်မှ ပေါက်ကွဲမှုဖြစ်စဉ်တစ်ရပ်ဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဟိုင်းလတ်ယာဉ်၏ ညာဘက် ကိုယ်ထည်ပျက်စီး၍ ယာဉ်၏ အောက်ခြေလမ်းမ၌ အကျယ် တစ်ပေပတ်လည်၊ အနက်ရှစ်လက်မခန့်ရှိ မြေကျင်းတစ်ခုဖြစ်ပေါ်ခဲ့ပြီး အခြားသူတစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

**ဖော်ထုတ်**

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ တာဝန်ရှိသူများက သွားရောက်၍ ဖြစ်စဉ်ဖြစ်ပွားမှုကို အသေးစိတ် ရှင်းလင်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


### အများသိစေရန်ကြေညာခြင်း

A Japan Net အမည်ဖြင့် ကုန်ပစ္စည်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်လိုင်စင်အမှတ်(၈၁၀/၇က/၂၀၀၅)ဖြင့် ရန်ကုန်မြို့အတွင်း ရောင်းချလျက်ရှိပါသည်။ ပိုင်ရှင်ဖြစ်သူ ဦးလှသွင်၏ဇနီးဖြစ်သူ ဒေါ်တင်တင်ထွေးတို့၏ နှစ်ဦးသဘောတူညီချက်မရရှိဘဲ ကုန်ပစ္စည်းများကို ဝယ်ယူ၊ ရောင်းချ၊ လက်ခံခြင်းတွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ဒေါ်တင်တင်ထွေး (A Japan Net ပိုင်ရှင်)**
**အမှတ် ၉–က၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

### မွေးစားသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ်၃၀၂၊ ဓမ္မစေတီလမ်းနေ ဒေါ်ဆိုင်ဆာ၏ မွေးစားသမီး မစုမြတ်နိုင်(ခ)မအေးအေးခိုင် ၁၂/သဃက(နိုင်)၁၆၇၀၈၇ ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံသည့်အပြင် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ခြင်း၊ သားသမီးဝတ္တရား ပျက်ကွက်ခြင်းတို့ကြောင့် ယနေ့မှစ၍ မွေးစားသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ (၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။) **မိခင်–ဒေါ်ဆိုင်ဆာ LSO – ၁၃၃၁၆၀၊ ဗဟန်းမြို့နယ်။**




## နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ ငွေများလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၇**

ဓေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ B.A)သည် ဝါကပ်တော်မူ၍ ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူ တောရရိပ်သာသို့ အဝင်မုခ်ဦးနှင့် မဟာရံတံတိုင်းအတွက် အလှူရှင်များက နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးမြင့်မောင်-ဒေါ်မြမြ (၂)ရပ်ကွက် မြောက်ဥက္ကလာပက ငွေကျပ် ငါးသောင်း၊ နှစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ ကိုညီညီအောင်-မစန္ဒာဝင်း၊ သမီး မပန်းမွှံဖူး (၂)ရပ်ကွက် မြောက်ဥက္ကလာပက ငွေကျပ်ငါးသောင်း၊ ဒေါက်တာစိန်လွင် (စိတ်ကျန်းမာရေး ဆေးရုံကြီး)-ဒေါ်ခင်မမနွယ် မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ဟန်ကြည် မိသားစု အမှတ် ၅၅ အခန်း ၁ သုခမြိုင်အိမ်ရာ လှိုင်မြို့နယ်က ငွေကျပ် ငါးသောင်း၊ နှစ်ဖက်သော မိဘနှင့်တကွ ခင်ပွန်း ဆရာပြုံးတို့အား ရည်စူး၍ ဇနီး ဒေါ်သန်းသန်းနှင့် တပည့်ခုနစ်ရက်သားသမီးများက အမှတ် ၆၃ လမ်း ၂၀ လသာ ရန်ကုန်မြို့တို့က ငွေကျပ်ငါးသောင်းတို့ကို လှူဒါန်းကြသည်။

အဆိုပါ မုခ်ဦးနှင့် မဟာရံတံတိုင်းအတွက် လှူဒါန်းလိုပါက ဆရာတော် ဖုန်း-၀၉-၅၁-၃၇၀၈၆၊ ဦးတင့်လွင် ဖုန်း-၀၉-၅၀၀-၄၅၅၂၊ ဦးရွှေမြင့် ဖုန်း-၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း- ၆၆၁၅၅၃ နှင့် ဦးမြင့်မောင် ဖုန်း-၇၂၆၅၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**



**ဆုချီးမြှင့်**

**ပုဇွန်တောင်မြို့နယ် ယဉ်ကျေးမှုသင်တန်းအောင်မြင်သူများဆုပေးပွဲကို ဇူလိုင် ၂ ရက်က မြသိန်းတန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေသရက သုံးဘာသာ ပထမဆုရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (၃၅၂)



**မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကကြီးမှူး၍ တောင်ညွန့်ကြီးရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင်၁၅ရက်က ရပ်ကွက်ရုံးတွင် ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ရွှေရွှေရှိန်က အမှာစကားပြောကြားစဉ်။** (၂၅၉)

## မင်္ဂလာဗျူဟာတရားစခန်း

**ရန်ကုန် ဇူလိုင် ၁၇**

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်တွင် ပဋိပတ်သာသနာထွန်းကားရေးအတွက် ဝိပဿနာ ခုနစ်ရက် တရားစခန်းကို တစ်နှစ်လျှင် သုံးကြိမ်ကျင်းပလျက်ရှိသည်။

(၁၀)နှစ်မြောက် တရားစခန်းအဖြစ် ခုနစ်ရက်စခန်း ကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်၍ လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး တရားရှုမှတ်နည်းဖြင့် ကမ္မဋ္ဌာန်းနည်းပြချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းနှင့် ကမ္မဋ္ဌာန်းနည်းပြဆရာ၊ ဆရာဆရာမတို့က ညွှန်ကြားပြသမည်ဖြစ်ရာ မည်သူမဆို တရားစခန်းဝင်၍ သီလ၊ သမာဓိ၊ ပညာ၊ ကုသိုလ်ထူးရရှိရန် တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## အင်းစိန်စာပေနှင့် စာနယ်ဇင်း စုပေါင်းဝါဆိုသင်္ကန်းကပ်ပွဲ

**ရန်ကုန် ဇူလိုင် ၁၇**

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၅ ရက် (၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်) မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့ ဖော့ကန်ရပ်ကွက် မင်္ဂလာသီရိ ပရိယတ္တိ စာသင်တိုက် သာသနာ့ဂုဏ်ရည် သုံးထပ်ကျောင်းဆောင်တွင် ကျင်းပမည် ဖြစ်သည်။

မြို့နယ်အတွင်းရှိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များနှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်အေး အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖုန်း-၆၄၃၀၁၀ နှင့် ရုံးဖုန်း-၂၅၃၅၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ဗဟန်းမြို့နယ် ဗိုလ်ချို (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို ဇူလိုင် ၁၁ရက်ကကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်အဖွဲ့ဝင်(၁)ဦးသန်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## အခြေခံစီမံခန့်ခွဲမှုသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာက ကြီးမှူးဖွင့်လှစ်သော အခြေခံစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၃/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက လှိုင်သာယာမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းရွှေ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ လှိုင်သာယာနှင့် ထန်းတပင်မြို့နယ်မှ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ငါးရက် ကြာမြင့်မည်ဟု သိရသည်။ **(၁၈၀)**



**ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်ဟောင်းပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက်က ကျောင်းခန်းမတွင် ကျင်းပရာဦးလှထွန်း-ဒေါ်ခင်ရီ(ဝင်းထွန်းမော်တော်ယာဉ်နှင့်ခေမာသစ်ရောင်းဝယ်ရေး)မိသားစုက ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လှိုင်ထံ အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းစဉ်။** (၃၀၂)

**တာမွေမြို့နယ် မအူကုန်းရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ ခြင်ကျားနှိမ်နင်းရေးဟောပြောပွဲနှင့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဇူလိုင် ၁၂ ရက်က ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းသော် ရှင်းလင်းပြောကြားစဉ်။** (၁၁၅)



## ဝင်ငွေခွန်၊ စာရင်းစစ်ကြေးနှင့် အသင်းမှတ်ပုံတင်ကြေး စုပေါင်းပေးအပ်

ရန်ကုန် ဇူလိုင် ၉

**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မရမ်းကုန်းမြို့နယ် သမဝါယမဦးစီးဌာနက ကြီးမှူးကျင်းပသော မြို့နယ်သမဝါယမအသင်း လီမိတက်များ ဝင်ငွေခွန်၊ စာရင်းစစ်ကြေးနှင့် အသင်းမှတ်ပုံတင်ကြေးများ စုပေါင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက သမိုင်းဘူတာရုံလမ်းရှိ ဂျီ-အီး-စီ (ပညာရေး) သမဝါယမအသင်းလီမိတက်တွင် ကျင်းပသည်။**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးတင်အုန်း၊ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးကျော်၊ မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာန ဦးစီးအရာရှိ ဦးရော်မန်း၊ မြို့နယ်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးဘမြင့်နှင့် သမဝါယမအသင်း လီမိတက်များမှ ဥက္ကဋ္ဌများနှင့်ဒါရိုက်တာ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**စုပေါင်းပေးအပ်**

အခမ်းအနားတွင် ဝင်ငွေခွန်၊ စာရင်းစစ်ကြေးနှင့် အသင်းမှတ်ပုံတင်ကြေးများကို သမဝါယမအသင်း လီမိတက် ကိုယ်စားလှယ်များက မြို့နယ်သမဝါယမဦးစီးဌာနနှင့် အခွန်ဦးစီးဌာနများသို့ စုပေါင်းပေးအပ်ကြသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ မြို့နယ်အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ စာစီစာကုံး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်အုန်း၊ မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးအောင်မိုးကျော်၊ ကျောင်းအုပ်ဆရာကြီး ဦးရှိန်းလိန်း အောင်၊ ဂျီ-အီး-စီ ပညာရေး ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးသန်းအေးနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

**(အောက်ပုံ) (က-ပ)**









ဇူလိုင် ၁၆ ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ဦးမိန်းစင်တို့အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့်အတွက် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

**နိုင်ငံတော်အနေဖြင့် စေတနာမှန်၊ စိတ်ရင်းမှန်ဖြင့် ရိုးသားဖြူစင်စွာ ငြိမ်းချမ်းရေးတံခါးဖွင့် ဆောင်ရွက်လျက်ရှိ**

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် အဖွဲ့အားလုံး လက်နက်စွန့်ရမှာဖြစ်**

**ဒီမိုကရေစီစနစ်အရ လက်နက်စွန့်မှသာလျှင် ဒီမိုကရေစီစနစ်ကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန် ကျင့်သုံးနိုင်မှာဖြစ်**

**ပြည်ပဆရာကြီးများနှင့် ပြည်ပြေးများက သောင်းကျန်းသူအဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်မှာကို သိပ်ကြောက်**

**ဥပဒေဘောင်အတွင်း မဝင်ရအောင် ပြည်ပဆရာကြီးများက သွေးထိုးမြှောက်ပင့်၊ ပစ္စည်း၊ ငွေကြေးများပေးပြီး သိမ်းသွင်း**





ရှမ်းပြည် တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၅/၂၀၀၆)တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပဏာမရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၅/၂၀၀၆)ကို ဇူလိုင် ၁၆ ရက် နံနက် ၁၁နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ရှိ သီရိဟံသာခန်းမ၌ ကျင်းပသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

**ပြည်ပဆရာကြီးတွေရော၊ ပြည်ပြေးတွေရော၊ တချို့သော သောင်းကျန်းသူတွေကရော ဥပဒေဘောင်အတွင်းဝင်ဖို့ ကြိုးစားနေတဲ့အဖွဲ့တွေကို ပြန်ပြီးဆွဲယ်တယ်၊ ခြိမ်းခြောက်တယ်၊ ငွေကြေးပစ္စည်းပေးပြီးတော့ ပြန်ဆွဲယ်တယ်ဆိုတာလုပ်သည့်တိုင် အဲဒီလိုလိုက်လုပ်နေတာဟာ တိုင်းပြည်နဲ့လူမျိုး၊ ဒေသပြည်သူတွေရဲ့အကျိုးမဟုတ်ဘူး။ သူတို့တစ်တွေရဲ့ အကျိုးအတွက် လုပ်နေတယ်ဆိုတာကို ဥပဒေဘောင်အတွင်းဝင်ဖို့ ကြိုးစားတဲ့အဖွဲ့တွေက မှန်မှန်ကန်ကန်သိမြင်ပြီးတော့ သူတို့ရဲ့ ဆွဲဆောင်တာတွေကို နားမယောင်ဘူးဆိုရင် အခြေအနေကောင်းပါတယ်။**

18-7 (20).p65 1 1/20/32, 11:47 PM